# ခေတ်မြင်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၃၁)။ ၂၀၁၀ ခုနှစ်၊ဇူလိုင်လ(၁၆)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## မြန်မာကမ်းရိုးတန်းမြို့ကြီး ၂၀ တွင် အရေးပေါ်ဆက်သွယ်ရေး ဆက်ကြောင်းတစ်ခု ထူထောင်မည်

မြန်မာ့ကမ်းရိုးတန်းဒေသဖြစ်သည့် ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ပင်လယ်ကမ်းရိုးတန်းဒေသ၊ တနင်္သာရီကမ်းရိုးတန်းဒေသနှင့် ရန်ကုန်တိုင်းရှိ ပင်လယ်ကမ်းရိုးတန်းဒေသမြို့ကြီး ၂၀တွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်တားဆီးရေး၊ အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အရေးပေါ်ဆက်သွယ်ရေးဆက်ကြောင်းတစ်ခု ထူထောင်သွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ ကမ်းရိုးတန်းဒေသများတွင် အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာချိန်တွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ လက်အောက်ရှိ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ အရေးပေါ်အခြေအနေစောင့်ရှောက်ရေးဗဟိုဌာနများနှင့်ကမ်းရိုးတန်းဒေသရှိ မြို့ကြီးများနှင့်ပင်လယ်ကမ်းရိုးတန်းဒေသရှိအနီးဆုံးကျေးရွာများသို့ချိတ်ဆက် ဆောင်ရွက်သွားနိုင်ရန် ဖြစ်သည်ဟုသိရသည်။ အဆိုပါကမ်းရိုးတန်းဒေသမြို့ကြီး ၂၀တွင်ရခိုင်ပြည်နယ်ရှိ မောင်တောမြို့၊ ပေါက်တောမြို့၊ မြေပုံမြို့၊ဧရာဝတီတိုင်းရှိ ဒေးဒရဲမြို့၊ရန်ကုန်တိုင်းတွင်ကွမ်းခြံကုန်းမြို့၊မွန်ပြည်နယ်ရှိ ချောင်းဆုံမြို့၊သံဖြူဇရပ်မြို့၊တနင်္သာရီတိုင်းရှိ မြိတ်မြို့၊ ရေးမြို့၊ ဘုတ်ပြင်းမြို့များ ပါဝင်ကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကို မြန်မာ့ ကမ်းရိုးတန်းဒေသများသည် အဓိက ခံစားခဲ့ရသဖြင့် အဆိုပါဒေသများတွင် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကြိုတင်တားဆီးကာကွယ်မှုများ၊ ကယ်တင်ကူညီမှုများ ဆောင်ရွက်သွားနိုင်ရန် အမျိုးသားဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး ဗဟိုဌာနကို ၂၀၀၈ခုနှစ် မေလက ဖွဲ့စည်းခဲ့ပြီး၊ ၂၀၀၉ ခုနှစ်တွင် အဆိုပါကော်မတီ၏ကွပ်ကဲမှုအောက်တွင်အရေးပေါ်အခြေအနေစောင့်ရှောက်မှုဗဟိုဌာနရန်ကုန်ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ ၂၀၁၀ပြည့်နှစ်တွင်အရေးပေါ်အခြေအနေ စောင့်ရှောက်မှုဗဟိုဌာနကိုမန္တလေးမြို့နှင့် နေပြည်တော်မြို့တို့တွင်တိုးချဲ့ဖွဲ့စည်းပေးထားခဲ့ပြီးဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၄ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နိုင်ငံပိုင် တန် ၁၀၀ ဆန်စက် ခြောက်လုံးကို ကျပ်သိန်းပေါင်း ၂၁၀၀၀ ကျော်ဖြင့် ကဠနကျွန်းသာဆန်စပါး အထူးပြုကုမ္ပဏီမှ ဝယ်ယူခွင့်ရရှိ

ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင် ဆန်စက်များထဲမှ ဆန်စက်ခြောက်လုံးကို ကျပ်သိန်းပေါင်း ၂၁၂၅၀ကျော်ဖြင့် ကဠနကျွန်းသာဆန်စပါးအထူးပြုကုမ္ပဏီမှ ဝယ်ယူခွင့်ရရှိထားကြောင်း သတင်းရရှိပါသည်။ ကဠနကျွန်းသာ (Gold Delta) ဆန်စပါးအထူးပြုကုမ္ပဏီအနေဖြင့် အဆိုပါဆန်စက်များကို အဆင့်မြှင့်တင်ခြင်းပြုလုပ်ကာ လုပ်ငန်း ဆက်လက်လည်ပတ်သွားရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းရရှိပါသည်။ ကဠနကျွန်းသာ ဆန်စပါးအထူးပြုကုမ္ပဏီအနေဖြင့် တန် ၁၀၀ ဆန်စက်ခြောက်လုံးအပြင် ကျိုက်လတ်တန် ၅၀ဆန်စက်နှင့်ပုသိမ်မြို့ရှိ ဖွဲနဆီစက်တစ်လုံးကိုပါ ဝယ်ယူထားကြောင်း သိရသည်။ နိုင်ငံပိုင်စက်ရုံများထဲမှ ဖွဲနဆီစက်အမှတ် ၁၉ကို ကျပ်သိန်း ၆၀၀၀ဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်းသတင်းရရှိပါသည်။ ကဠနကျွန်းသာ ဆန်စပါးအထူးပြုကုမ္ပဏီမှာ ဧရာဝတီတိုင်းအတွင်းရှိ ဓနုဖြူမြို့နယ်ကို အခြေတည်ကာ စပါးစိုက်တောင်သူများသို့သွင်းအားစုများထုတ်ချေးပေးသည့်ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ ယခု ၂၀၁၀ပြည့်နှစ် မိုးစပါးစိုက်ရာသီတွင် တောင်သူများသို့ ငွေသားနှင့် သွင်းအားစုပစ္စည်းပေါင်း ကျပ်သိန်းပေါင်း ၂၂၈၀၀ကျော် တန်ဖိုးအထိ ပံ့ပိုးပေးထားကြောင်း သတင်းရရှိပါသည်။ အစုရှယ်ယာ ၅၀ဦးဖြင့်ဖွဲ့စည်းထားသော ကဠနကျွန်းသာ (Gold Delta) အနေဖြင့် အစုရှယ်ယာတန်ဖိုးစုစုပေါင်းကျပ်သိန်းပေါင်း တစ်သိန်းကျော်ဖြင့်လည်ပတ်နေခြင်းဖြစ်ပြီး ယခင်နှစ်က ကျပ်သိန်း ၆၀၀ကျော်အမြတ်ရရှိခဲ့သည်ဟု သိရသည်။ ကဠနကျွန်းသာ (Gold Delta) ဆန်စပါးအထူးပြုကုမ္ပဏီအနေဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲသွားရန် စီစဉ်ထားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၄ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်တိုင်းအတွင်းရှိလမ်းတံတားများ BOT စနစ်ဖြင့် ကုမ္ပဏီကြီးလေးခုသို့လုပ်ကိုင်ခွင့်ပြု

ရန်ကုန်တိုင်းအတွင်းရှိ လမ်းတံတားကြီးများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်းအင်အားကြီး ကုမ္ပဏီကြီးလေးခုကို ဘီအိုတီစနစ်ဖြင့်လုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါကုမ္ပဏီကြီးလေးခုမှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ အေးရှားဝေါလ်၊ မက်စ်မြန်မာ၊ ရန်ကုန်က ရောင်းဝါယာ ကုမ္ပဏီတို့ဖြစ်ကာ လမ်းအရှည်မိုင် ၂၄၃မိုင် ၂ဖာလုံခွဲနှင့်တံတားခုနစ်စင်းတို့ကို ဘီအိုတီစနစ်ဖြင့်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့စီးပွားရေးဦးပိုင်အနေဖြင့် ၅၄မိုင် ၇ဖာလုံ၊ အေးရှားဝေါလ်မှ ၂၁ မိုင် ၇ ဖာလုံ၊ မက်စ်မြန်မာမှ ၁၀၆မိုင်၆ဖာလုံခွဲ၊ ရန်ကုန်ကရောင်းမှ ၅၉မိုင်၆ဖာလုံစုစုပေါင်း လမ်းမိုင် ၂၄၃မိုင်၂ဖာလုံခွဲအား ပြုပြင် ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ လမ်းများနည်းတူ တိုင်းအတွင်း ရှိတံတားများကိုလည်း ဘီအိုတီစနစ်ဖြင့် ပုဂ္ဂလိကသို့ပေးအပ်ခဲ့ရာ အေးရှားဝေါလ်က ဘုရင့်နောင်တံတား ပေ ၁၆၄၀(သာမန်အမျိုးအစား)၊ အောင်ဇေယျတံတား ၃၇၈၆ ပေ၊ (အထူးစီမံကိန်းဝင်တံတား)၊ ရွှေပြည်သာတံတား ၃၄၁၅( အထူးစီမံကိန်းဝင်တံတား) မက်စ်မြန်မာမှ ဒဂုံတံတားပေ ၃၅၄၀ ( အထူး စီမံကိန်းတံတား)၊ သုံးခွမြို့ဝင် တံတား ၂၂၄ ပေ (သာမန်တံတား)၊ ရန်ကုန်ကရောင်းဝါယာမှ ပန်းလှိုင်တံတားပေ ၁၉၄၀ (အထူးစီမံကိန်း) တွံတေးတံတားပေ ၃၅၇၀( အထူးစီမံကိန်း) စုစုပေါင်း တံတားခုနစ်စင်းလည်း ပါဝင်ခဲ့ကြောင်း သိရသည်။ ကျန်လမ်းများကိုလည်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ဆက်လက်တာဝန်ယူထိန်းသိမ်းသွားမည်ဖြစ်ကာ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆိုင်သော အစည်းအဝေးများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှတာဝန်ရှိသူကပြောကြားကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၁၅ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဖုန်းဖြင့်ဝန်ဆောင်မှုပေးမည့် စင်တာတစ်ခု ပြည်တွင်းတွင် ပထမဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်နေ

ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ကိုယ်တိုင်သွားရောက်ရန်မလိုဘဲ တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုပေးမည့် အသေးစားကျန်းမာရေးဝန်ဆောင်မှုစင်တာ (Mini Call Center) တစ်ခုကို မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဝန်ဆောင်မှုကိစ္စကို ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော Blue Ocean ကုမ္ပဏီက လုပ်ကိုင်မည်ဖြစ်သည်။ ယင်းကုမ္ပဏီအနေဖြင့် ကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြည်ပနိုင်ငံများတွင် တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုပေးနေသော (iTopia)ကုမ္ပဏီတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း Blue Ocean ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ " Mini Call Center ကို Medical Help Line လို့ အမည်ပေးထားပါတယ်။ ဒီစနစ်ကို အကောင်အထည်ဖော်ပြီးသွားရင် လူနာတွေအနေနဲ့ ဆေးရုံဆေးခန်းက ဆရာဝန်တွေဆီ ကိုယ်တိုင်သွားစရာမလိုတော့ပါဘူး။ တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး သိလိုတဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေကို ဖုန်းနဲ့အလွယ်တကူ မေးမြန်းနိုင်မှာ ဖြစ်ပါတယ်။ ဒီစနစ်ရဲ့အားသာချက်က လူနာတွေအနေနဲ့ အချိန်ကုန်ငွေကုန် သက်သာသွားမှာ ဖြစ်ပါတယ်။ ဘယ်နေရာမှာ ဖွင့်မှာလဲဆိုတာတော့ တိုင်ပင်နေဆဲပါ။ ကျန်းမာရေးကိစ္စရပ်တွေကို အလွယ်တကူ မေးမြန်းနိုင်ဖို့ Blue Ocean ကုမ္ပဏီအနေနဲ့ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းတွေက အထူးကုဆရာဝန်ကြီးတွေနဲ့ ချိတ်ဆက်ပေးထားမှာ ဖြစ်သလို ကျန်းမာရေးနဲ့ဆိုင်တဲ့ကိစ္စရပ်မျိုး အားလုံးကိုလည်း အချိန်မရွေး မေးမြန်းနိုင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ် " ဟု ယင်းကဆက်လက်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆိုရှယ်ဝက်ဘ်ဆိုက်များနှင့် ဂျီတော့ခ်မက်ဆေ့ချ်မှ ဝင်သောဗိုင်းရပ်(စ်)တစ်မျိုးထွက်ပေါ်

ယခုရက်ပိုင်းအတွင်း အွန်လိုင်းသုံးစွဲသူများထံသို့ အီးမေးလ်နှင့် ဂျီတော့ခ်မက်ဆေ့ချ်များမှ တစ်ဆင့်ဝင်ရောက်သည့် ဗိုင်းရပ်စ်တစ်မျိုးထွက်ပေါ်လျက်ရှိပြီးယင်းဗိုင်းရပ်စ်သည် Windows အား Repair ပြန်လုပ်ရသည်အထိ ပြင်းထန်ကြောင်း သိရသည်။ " အဓိကက ဒီဗိုင်းရပ်စ်က မက်ဆေ့ချ်တွေကနေဝင်တာ။ ချက်တင်တွေ၊ ဖိုရမ်၊ မေးလ်တွေကနေပေါ့။နာမည်ကတော့ နာမည်ကြီး မင်းသမီးတစ်ယောက်ရဲ့အမည်ကိုသုံးပြီး ဗီဒီယိုဖိုင်ပါဆိုပြီးတော့ ပါတယ်။ လူငယ်တွေ ထိတာများတယ်" ဟု ဗိုင်းရပ်စ် လေ့လာသူတစ်ဦးက ပြောသည်။ အဆိုပါ ဗိုင်းရပ်စ်မှာ Worm အမျိုးအစားဖြစ်သည့် အစုလိုက်ဝင်ရောက်တတ်သော ဗိုင်းရပ်စ်ဖြစ်ပြီး၊ သုံးစွဲသည့် ကွန်ပျူတာအတွင်းရှိ Data များပျက်စီးကာ Windows အသစ်ပြန်တင်မှသာရနိုင်ကြောင်း သိရသည်။ " သူက နိပ်လိုက်ပြီဆိုတာနဲ့ ဒီကွန်ပျူတာကို ထိန်းချုပ်လိုက်ပါတယ်။ အဲဒါတက်လာရင် ဘာမှလုပ်လို့မရတော့ပါဘူး။ အခု အင်တာနက်ဆိုင်နဲ့ရုံးဝန်ထမ်းတွေထိတာများတယ် " ဟု ဗိုင်းရပ်စ် Solution ဝန်ဆောင်မှုပေးနေသည့် ကိုထူးအံ့က ပြောသည်။ အဆိုပါ ဗိုင်းရပ်စ်အား ပြည်တွင်းမှဟက်ကာတစ်ဦးအပျော်သဘောလုပ်ခြင်းဖြစ်ပြီးလူသုံးများသည့် facebook, ning စသည့် ဆိုရှယ်ဝက်ဘ်ဆိုက်များ၊ G-talk Message များမှ (hppt://meoheyko.exe.video) ယင်း link နှင့် ဝင်ရောက်ခြင်းဖြစ်ရာ အဆိုပါ link အား ဝင်ရောက်ခြင်း၊ click လုပ်ခြင်းမပြုရန် လိုအပ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပမည်

နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲများကို ပုံမှန်ကျင်းပပေးနေသော Myanmar ING (Myanmar Internet Networking Group)မှ ၄င်းတို့၏ တတိယအကြိမ်မြောက်စာတမ်းဖတ်ပွဲကို ၂၀၁၀ခုနှစ် အောက်တိုဘာလ အတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ Myanmar ING ၏ နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်လိုသော မြန်မာလူငယ်များအနေဖြင့် အင်တာနက်ဆိုင်ရာ နည်းပညာများ (Internet Technologies)၊ အီလက်ထရွန်နစ်ယဉ်ကျေးမှု (E- Culture)၊ မြန်မာအိုင်တီသမိုင်း(Myanmar IT History) နှင့် ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အီလက်ထရွန်နစ်ကျန်းမာရေးစောင့်ရှောက်မှု (Disaster Management and e-Helth) အစရှိသည့်အကြောင်းအရာများအနက်မှ အကြောင်းအရာတစ်ခုခုနှင့် ဆက်နွယ်ပြီး စာတမ်းပြုစုနိုင်ကြောင်း အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌ ဦးရဲမင်းသွင်ကပြောကြားသည်။ ထို့အပြင် စာတမ်းတင်သွင်းသူများအနေဖြင့် မိမိပြုစုမည့်စာတမ်းအားတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့နှင့်ဖြစ်စေ အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်သွင်းရမည်ဖြစ်ပြီး စာတမ်းဖတ်သည့် အချိန်တွင်မူ အဖွဲ့နှင့်ဖြစ်ပါက အဖွဲ့ကိုယ်စားပြုတစ်ဦးမှလည်းကောင်း၊တစ်ဦးချင်းဖြစ်ပါက ယင်းပုဂ္ဂိုလ်မှလည်းကောင်း မြန်မာဘာသာဖြင့် ဖတ်ကြားရမည်ဖြစ်ကြောင်း သိရသည်။ အရွေးချယ်ခံရသော စာတမ်းရှင်အနေဖြင့် Asia Pacific Networking Group မှ ဦးစီးပြီး အာရှဒေသတွင်းနိုင်ငံများတွင် ပြုလုပ်သော နည်းပညာဆိုင်ရာ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲများသို့ သွားရောက်ခွင့်ရရန် Myanmar ING မှ ဆောင်ရွက်ပေးမည်ဟု သိရသည်။ ထို့အပြင် ရွေးချယ်ခံရသော အကောင်းဆုံးစာတမ်းရှင်အား Myanmar ING မှ ဆုချီးမြှင့်မည်ဖြစ်သည်။ အသက် ၃၅နှစ်မပြည့်သေးသူ မြန်မာနိုင်ငံသားများနှင့်တက္ကသိုလ်၊ ကောလိပ်သို့မဟုတ်ကွန်ပျူတာပညာရပ်ဆိုင်ရာဘွဲ့(သို့မဟုတ်) ဒီပလိုမာရရှိထားသူများနှင့် တက်ရောက်ဆဲမြန်မာလူငယ်များ၊ ကွန်ပျူတာနယ်ပယ်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများ လျှောက်ထားနိုင်သည်။ စာတမ်းတင်သွင်းရမည့်နောက်ဆုံးရက်မှာ လာမည့် စက်တင်ဘာ ၁၅ရက်ဖြစ်ပြီး [www.myanmaring.asia](http://www.myanmaring.asia) သို့ ပေးပို့ရမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## တောင်အာဖရိကဆန်ညီလာခံသို့ မြန်မာ့ဆန်လုပ်ငန်းအသင်းတက်ရောက်မည်

တောင်အာဖရိကနိုင်ငံ၊ ကိတ်တောင်းမြို့တွင်ကျင်းပပြုလုပ်မည့် အာဖရိက ဆန်အလားအလာညီလာခံသို့ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ပထမဆုံး အကြိမ်အဖြစ်တက်ရောက်သွားမည်ဟု ထိုအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းညီလာခံကိုယခုလ ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်ပြီးအာဖရိကနိုင်ငံ၏ ဆန်ထုတ်လုပ် ရောင်းဝယ်နိုင်မှုနှင့် အာဖရိကအဓိကဒေသကြီးများဖြစ်သည့်အရှေ့အနောက်၊ တောင်အာဖရိကနိုင်ငံများ၏ဆန်ဖွံ့ဖြိုးတိုးတက်မှု နောက်ဆုံးအခြေအနေများကို ဆွေးနွေးသွားမည်ဖြစ်ရာမြန်မာနိုင်ငံဆန်စပါးအသင်း အနေဖြင့်လည်း မြန်မာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့်ပတ်သက်သည့် စာတမ်းကို တင်သွင်းသွားမည်ဟု အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။ ညီလာခံတွင် အာဖရိကဆန်ဈေးကွက် ၊ ထုတ်လုပ်မှုနှင့် ရောင်းချမှုတို့ကို လေ့လာလိုသော် ဆန်တင်ပို့သူကုန်သည်များနှင့် ဆန်ဝယ်ယူသူများအတူတကွတွေ့ဆုံပြီးအခြေခံကျသည့်ဆန်ဈေးကွက်အပေါ် ၎င်းတို့၏ အမြင်နှင့် ဈေးနှုန်း၊ ကုန်သွယ်မှုကိုထိခိုက်စေနိုင်သော အချက်များအပေါ် ဆွေးနွေးဆုံးဖြတ် သွားမည်ဟုလည်း သိရှိရသည်။ ထို့ပြင် ကမ္ဘာ့ဆန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုများအကြောင်း နှင့်လာမည့် ၂၀၁၁အတွက် ဆန်ကုန်သွယ်မှုအလားအလာ မျှော်မှန်းချက်များ၊ ကြီးထွားလာသည့် ကုန်သွယ်ရေး ကာကွယ်မှုဆိုင်ရာ စည်းမျဉ်းများ၊ ဆန်ကုန်သွယ်မှုအပေါ် ၎င်း၏ ဂယက်ရိုက်မှုများအပါအဝင် ဆန်ကုန်သွယ်မှုလည်ပတ်ငွေနှင့် ကုန်သွယ်ရေး ဆုံးရှုံးမှုများအပေါ် စီမံခန့်ခွဲမှုများအကြောင်းကို အဓိက ဆွေးနွေးသွားမည်ဖြစ်သည်။ယင်းညီလာခံကို တက်ရောက်လိုသော သူများအနေဖြင့် agra-net.com ဝက်ဘ်ဆိုက်တွင် စာရင်းပေးသွင်းနိုင်သည်ဟုသိရကြောင်း ၂၀၁၀ခုနှစ်ဇူလိုင်၁၅ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ်သိန်း ၃၀၀နှင့်အောက်ဘဏ်ချေးငွေပြန်ဆပ်ချိန်ကာလတစ်နှစ်သက်တမ်းထပ်တိုး

မြန်မာ့စီးပွားရေးဘဏ်များမှ ချေးငွေထုတ်ယူရာတွင် သုံးနှစ်တာကာလအတွင်းအတိုးငွေနှင့်အရင်းငွေကို ပြန်ဆပ်ရမည်ဟု သတ်မှတ်ထားသော်လည်း နိုင်ငံတော်မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း အခွင့်အလမ်းများတိုးတက်ဖွံ့ဖြိုးရေးမူဝါဒနှင့်အညီ ချေးငွေကျပ်သိန်း ၃၀၀နှင့် အောက်ငွေထုတ်ချေးသူများအတွက် ပြန်ဆပ်ရန် တစ်နှစ် သက်တမ်းထပ်တိုးပေးထားကြောင်း မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ဘဏ်ရှေ့နေဦးမောင်မောင်က ပြောသည်။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ချေးရာတွင် ကျပ်သန်း၃၀၀အထက်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ခွင့်ပြုချက်ကိုယူရပြီး ငွေကျပ်သိန်း ၃၀၀နှင့် အောက်ကို မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ဦးဆောင်ညွှန်ကြားရေးမှူး၏ခွင့်ပြုချက်ဖြင့် ထုတ်ပေးကြောင်းယခုပြန်ဆပ်ရမည့် ကာလသုံးနှစ်မှ လေးနှစ်သို့ပြောင်းလဲပေးလိုက်ခြင်းသည် ဦးဆောင်ညွှန်ကြားရေးမှူး ခွင့်ပြုပေးနိုင်သောငွေပမာဏများသာ ဖြစ်ကြောင်း၊သို့သော်မြန်မာ့စီးပွားရေးဘဏ်များအနေဖြင့် ချေးငွေတစ်ရပ်ထုတ်ချေးထားသူများ၏ မှန်ကန်မှုရှိခြင်း၊ ကတိအတိုင်းလိုက်နာခြင်းတို့ အပေါ်မူတည်ပြီး ဘဏ်၏မိတ်ဆွေအဖြစ်သတ်မှတ်ကာ ချေးငွေထုတ်ထားသူများအဆင်ပြေစေရန် လုပ်ဆောင်ပေးမှုများရှိကြောင်း၊ ဘဏ်မှ ချေးငွေတစ်ရပ်ထုတ်ထားသူများအနေဖြင့် တစ်နှစ်တာကာလအတွက်၁၇ရာခိုင်နှုန်းအတိုးကိုသုံးလတစ်ကြိမ်ခွဲပြီးဘဏ်သို့သွင်းရန်သတ်မှတ်ထားသည့်အတွင်း ကောင်းမွန်စွာလိုက်နာခြင်း၊ အဆိုပါ ဘဏ်အတိုးငွေပေးသွင်းနေစဉ်ကာလအတွင်း ချေးငွေတစ်ရပ်၏ တစ်စိတ်တစ်ဒေသသို့ ပြန်လည်ဆပ်ခြင်းတို့ရှိခဲ့ပါကသတ်မှတ်ထားသော နှစ်သက်တမ်းပြည့်ချိန်အတိုးအရင်းအားလုံးပြန်ဆပ်ရမည်ဖြစ်သော်လည်း ချေးငွေဆက်လက်ထုတ်ချေးလိုသေးကြောင်း လျှောက်လွှာတင်ပါက ချေးငွေထုတ်ထားသူ၏ လုပ်ဆောင်ချက်များကို သုံးသပ်ပြီးမြန်မာ့စီးပွားရေးဘဏ်က ဆက်လက်ခွင့်ပြုကြောင်း ဘဏ်ရှေ့နေဦးမောင်မောင်ကဆိုကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၁ရက်နေ့ထုတ်24/7 Newsဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အသက်ဝင်လာပြီဖြစ်သောကြောင့် CEPT Form D နေရာတွင် ATIGA Form D ပြောင်းလဲအသုံးပြုတော့မည်

အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖော်ဆောင်ရေးအတွက်အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် [Asesan Treade In Goods Agreement (အာတီကာ)] စတင် အသက်ဝင်လာပြီ ဖြစ်သောကြောင့် လက်ရှိအသုံးပြုလျက်ရှိသော CEPT From D နေရာတွင် ATIGA From D များ ပြောင်းလဲအသုံးပြုတော့မည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် (Asesan Trade In Goods Agreement-ATIGA) အကောင်အထည်ဖော်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံဒေသတွင်း ကုန်သွယ်မှု ပြုရာတွင် အကောက်ခွန်သက်သာခွင့် ရရေးအတွက် လက်ရှိအသုံးပြုလျက်ရှိသော CEPT Form D နေရာတွင် ATIGA Form D များဖြင့် အစားထိုး အသုံးပြုမည်ဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ အသုံးပြုရန်အတွက် ကူးပြောင်းရေးကာလ (Transitional Period)အား နိုဝင်ဘာလ ၁၇ ရက်နေ့အထိ သတ်မှတ် ပေးထားကြောင်း၊ ယင်းကာလ ကျော်လွန်ပါက အာတီကာများကိုသာ အသုံးပြုရမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းကဲ့သို့ အကောက်ခွန်လျှော့ပေါ့ ပယ်ဖျက်ပေးမှုကို မြန်မာနိုင်ငံရှိ ပို့ကုန်လုပ်ငန်းရှင်များ အကျိုးခံစားခွင့်ရရှိရေးအတွက် ယင်း ATIGA Form D များအား ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတွင် ထုတ်ပေးနေပြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)နှင့် ရန်ကုန်ရုံးခွဲ၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန(သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်းများ) တွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသော သတင်းများအရ သိရှိရသည်။ "တကယ်တော့ ASEAN Economic Community (AEC) ကို ၂၀၁၅ ခုနှစ်မတိုင်မီ အပြီးတည်ထောင်နိုင်ဖို့ အာဆီယံနိုင်ငံတွေ အတွင်း လွတ်လပ်သောကုန်စည်ကုန်သွယ်မှု၊ဝန်ဆောင်မှု၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင် လုပ်သားတွေ လွတ်လွတ်လပ်လပ် လုပ်ကိုင်သွားလာနိုင်မှုနဲ့ အရင်းအနှီးတွေပါ လွတ်လွတ်လပ်လပ် စီးဆင်းနိုင်ဖို့ လိုပါတယ်။ အခုအာတီကာ အရကတော့ အာဆီယံ ပထမခြောက်နိုင်ငံအတွက် သွင်းကုန်အပေါ် ကောက်ခံတဲ့ duty တွေကို ၂၀၁၀ မှာ အပြီးဖြေ လျော့ဖို့နဲ့ အဖွဲ့ဝင်အသစ်လေးနိုင်ငံ က ၂၀၁၅ နဲ့ ၂၀၁၈ မှာ ခြွင်းချက်နဲ့ ဖြေလျော့ပေးဖို့ပါ"ဟု အာဆီယံရေးရာကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း၂၀၁၀ခုနှစ် ဇူလိုင်လ၁၆ရက်နေ့ထုတ်Bi Weekly Elevenဂျာနယ်တွင်ဖော်ပြထားပါသည်။

## မန္တလေးမြို့တွင် ချထားပေးမည့် FTTH လိုင်း ၆၀၀၀အတွက် အိုင်တီကုမ္ပဏီနှစ်ခုလုပ်ပိုင်ခွင့်ရ

ရတနာပုံတယ်လီပို့စ်မှ မန္တလေးမြို့တွင် ချထားပေးမည့် FTTH စနစ်လိုင်းပေါင်း ၆၀၀၀အတွက်ပြည်တွင်းအိုင်တီကုမ္ပဏီနှစ်ခုအားလိုင်းပေါင်း၃၀၀၀စီလုပ်ပိုင်ခွင့်ပေးလိုက်ပြီး လျှောက်လွှာများကို ဇူလိုင်လကုန်ပိုင်းတွင် စတင်လက်ခံဖွယ်ရှိကြောင်း သိရသည်။ အဆိုပါ အိုင်တီကုမ္ပဏီနှစ်ခုမှာ Red Link Communication နှင့် Fortune International Co.,Ltd တို့ဖြစ်ပြီး ရန်ကုန်ကဲ့သို့ Prepaid Access Card များဖြစ် အင်တာနက်သုံးစွဲနိုင်သော WiFi Hotspot Zone ၂၀ကို မန္တလေးမြို့တွင် ပထမဦးဆုံးဖန်တီးပေးနိုင်ရန် စီစဉ်နေကြကြောင်း ရတနာပုံတယ်လီပို့စ်မှာအင်ဂျင်နီယာချုပ်ဦးဇော်မင်းဦးကပြောသည်။ “Prepaid Access Card တွေကတော့ သုံးစွဲနိုင်တဲ့နာရီပေါ်မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိတယ်။ အဲဒီ Cardတွေကိုတော့ ရတနာပုံတယ်လီပို့စ်ပဲ ရောင်းချပေးသွားမှာပါ။ မန္တလေးမြို့မှာ FTTH လိုင်းတွေတပ်ဆင်ပေးနိုင်ဖို့ ကျွမ်းကျင်ပညာရှင်တွေလည်းSurveyဆင်းနေကြတယ်။Surveyဆင်းတာပြီးပြီဆိုရင်လည်း ဖိုက်ဘာဆက်ကြောင်းတွေ ခင်းဖို့နဲ့ အချင်းချင်းချိတ်ဆက်တာတွေ ဆက်လုပ်ဖို့နှစ်လနီးပါးလောက် အချိန်ယူရဦးမယ်။ မန္တလေးတစ်မြို့လုံးမှာဆိုရင် ၇၈လမ်းကို ဗဟိုပြုပြီး အရှေ့ခြမ်း A၊ အနောက်ခြမ်းB ဆိုပြီး ဖုန်နှစ်ဖုန်ခွဲပြီး လိုင်းပေါင်း ၆၀၀၀ချထားပေးသွားမှာဖြစ်ပါတယ်” ဟုၚင်းကဆက်လက်ရှင်းပြသည်။မြန်မာနိုင်ငံ၌အင်တာနက်လိုင်း၊တယ်လီဖုန်းနှင့် ရုပ်သံလိုင်းများကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်သည့် FTTH လိုင်းများအားပြင်ဦးလွင်မြို့တွင် လိုင်းပေါင်း ၅၀၀ ပထမဦးဆုံးချထားပေးခဲ့ရာလိုင်းပေါင်း၁၀၀ကျော်တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။ မန္တလေးမြို့တွင် Prepaid Access Card များဖြင့် သုံးစွဲနိုင်သော WiFi Hotspot Zone များကို လူစည်ကားသော Shopping Centre နှင့် Plazaများတွင် ဦးစားပေးဖန်တီးပေးမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင် ၁၅ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပြည်တောင်တန်းရေနံမြေမှ ရေနံနှင့်သဘာဝဓါတ်ငွေ့ တွင်းသစ်များတူးဖော်ရန် ပြင်ဆင်

ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်ရှိ ပြည်တောင်တန်းရေနံမြေမှ ရေနံနှင့် သဘာဝဓါတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် တွင်းသစ်များဖြင့် တူးဖော်ထုတ်လုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။ ပြည်တောင်တန်းရေနံမြေအတွင်း 3D Seismic တိုင်းတာချက်များအရ အလားအလာကောင်းသော  ပေနက် ပျော်ဘွယ်ကျောက်စဉ်စု သဲကြောများမှ ပေနက်တွင်းတူးစက်များကို အသုံးပြု၍ ရေနံနှင့်သဘာဝဓါတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်ရန် တွင်းသစ်များအလိုက် ပြင်ဆင်လျက်ရှိကြကြောင်းလည်း သိရှိရသည်။ ပြည်တောင်တန်း ရေနံမြေတွင် တွင်းသစ်အမှတ်(၁၆၂)နှင့် (၁၆၃) တို့အား လက်ရှိတူးဖော်လျက်ရှိကြပြီး တွင်းသစ်အမှတ် (၁၆၄)နှင့် (၁၆၅) တို့အား တွင်းသစ်များအဖြစ်တူးဖော်ရန် ပြင်ဆင်လျက်ရှိကြကြောင်း သိရှိရသည်။ တွင်းသစ်အမှတ် (၁၆၂)အား D3 T2 SR(2) ပေနက်တွင်းတူးစက်ဖြင့် လည်းကောင်း၊ တွင်းသစ်အမှတ် (၁၆၃)အား D3 T2 SR (1) ပေနက်တွင်းတူးစက်ဖြင့်လည်းကောင်း တူးဖော်လျက်ရှိကြပြီး တွင်းသစ်အမှတ် (၁၆၄) ကိုမူ ZJ50D ပေနက်တွင်းတူးစက်ဖြင့် တူးဖော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ပဲခူးတိုင်း၊ ရွှေတောင်မြို့နယ်ရှိ ပြည်တောင်တန်း ရေနံမြေသည် ရေနံနှင့် သဘာဝဓါတ်ငွေ့များ တူးဖော် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော ရေနံမြေတစ်ခုဖြစ်ပြီးအလားအလာပိုမိုကောင်းမွန်သည့် ပေနက်သဲကြောသစ် (Deeper Prospect)များမှ ပေနက်တွင်းတူးစက်ကြီးများဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဇူလိုင်လ၁၆ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းအင်တာနက်လိုင်း တပ်ဆင်အသုံးပြုမှုများတွင် ရင်းနှီးငွေနှင့် ပြန်လည်ရရှိသော ခံစားခွင့် မျှတခြင်း မရှိသေး

ပြည်တွင်း၌ အင်တာနက်လိုင်း ဝယ်ယူတပ်ဆင်သုံးစွဲရမှု အနေအထားများမှာ ရင်းနှီးထားရသော ငွေကြေးနှင့် ပြန်လည်ရရှိသော ခံစားခွင့်တို့ နှိုင်းယှဉ်ပါက ကိုက်ညီမှု မရှိသေးပဲ ကွာဟချက်များ ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာကျပ်ငွေ အနည်းဆုံး သိန်းနှစ်ဆယ်ဝန်းကျင်ခန့် ပေးသွင်းပြီးမှ ရရှိသော ပြည်တွင်းအင်တာနက်လိုင်း သုံးစွဲရမှု အနေအထားမှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း ငွေကုန်ကြေးကျ များပြားနေသည့်အပြင် ထိုကဲ့သို့ ပေးသွင်းရပြီး ရရှိခဲ့သော အင်တာနက်ဆက်သွယ်မှု မြန်နှုန်း (Connection) မှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း လျော့ကျမှုရှိနေကြောင်း ထုတ်ပြန်ထားသော စစ်တမ်းများအရ သိရှိရပါသည်။ မြန်မာနိုင်ငံတွင်အင်တာနက်အသုံးပြုမှုကို၂၀၀၀ပြည့်နှစ်အချိန်ကပင် စတင်နိုင်ခဲ့ခြင်းဖြစ်ပြီး Dial-up, ADSL, Broadband, Wi-Fi နှင့် WiMax အစရှိသောအင်တာနက်သုံးစွဲမှုပုံစံမျိုးစုံရှိလာခဲ့သည့်အပြင်လက်ရှိအချိန်တွင်ဖိုက်ဘာဆက်သွယ်ရေးစနစ်ကို အသုံးပြုသော Fiber To The Home စနစ်ကိုလည်း စတင်အသုံးပြုနေပြီ ဖြစ်ပါသည်။ ထိုကဲ့သို့ အင်တာနက်လိုင်းများကို ပုံစံမျိုးစုံဖြင့် အသုံးပြုမှုများ ရှိလာသော်လည်း အင်တာနက် အသုံးပြုမှုနှင့်ပတ်သက်သော ကုန်ကျငွေများ၊ အင်တာနက်မြန်နှုန်းများမှာ ထူးခြားမှု မရှိခဲ့ကြောင်း သိရသည်။ ပြည်တွင်း၌ အများဆုံးနှင့်အမြင့်ဆုံးသုံးစွဲနေသည့်Internet Connection Speed မှာ (0.50 Mbps) ဖြစ်နေပြီး အဆိုပါ ပမာဏအပြည့်ကိုပင် သုံးစွဲသူများ မရရှိခြင်းကြောင့် အခက်အခဲကြုံတွေ့ရမှုများ ရှိနေကြောင်း သိရှိရသည်။ ပြည်တွင်း၌ Internet Connection အပြည့်အဝ မရရှိမှုများအပြင် ရံဖန်ရံခါတွင် ပြတ်တောက်သွားခဲ့ရမှုများ ကြောင့်အင်တာနက်ဖြင့်လုပ်ငန်းလုပ်ကိုင်နေသောလုပ်ငန်းရှင်များဆုံးရှုံးမှုများကြုံတွေ့ရခြင်းတို့ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ထိုကဲ့သို့သောလုပ်ငန်းများထဲတွင်လေယာဉ်လက်မှတ်အရောင်းဝန်ဆောင်မှုလုပ်ငန်းများ၊နိုင်ငံခြားခရီးသွားကုမ္ပဏီများ၊နိုင်ငံတကာနှင့်ချိတ်ဆက်လုပ်ကိုင်နေသောလုပ်ငန်းများအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်တွင်း မှလုပ်ငန်းများလည်း ပါဝင်ကြကြောင်း သိရှိရပါသည်။ အထူးသဖြင့် သုံးစွဲသူများအနေဖြင့်မှုပြည်တွင်းရှိ အင်တာနက်သုံးစွဲမှု စည်းမျဉ်းများအရ သတ်မှတ်ထားသော ဥပဒေနှင့်အညီ မလွတ်ကင်းသော ဝက်ဘ်ဆိုက်များ ပိတ်ထားခြင်းကို လက်ခံထားသော်လည်း ကျန်ရှိသည့် ဝက်ဘ်ဆိုက်စာမျက်နှာနှင့် အင်တာနက်ဆက်သွယ်မှု နှေးကွေးမှုများ ဖြစ်ပေါ်နေခြင်းကိုမူ အဆင်ပြေအောင် လုပ်ဆောင်ပေးစေလိုကြောင်း ဆန္ဒများရှိနေပါသည်။ မြန်မာနိုင်ငံတွင် အင်တာနက်တပ်ဆင်ထားသော လိုင်းအရေအတွက် ၄၀၀၀၀ ကျော်ရှိပြီး အင်တာနက်ကို အသုံးပြုနေသူ လေးသိန်းကျော် ရှိနေကြောင်း ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောပြပါသည်။ အသုံးပြုမှု အများဆုံးသော အင်တာနက်လိုင်း အမျိုးအစားမှာ ADSL လိုင်းအမျိုးအစားဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

# မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇူလိုင်လ ၁၅ရက်နေ့မှ ၂၁ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်မည်။

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၆၀ စင်တီမီတာ(နှစ်ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပါသည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ(ငါးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀ စင်တီမီတာ(လေးပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## လုံးဝနေကြတ်ခြင်းကို ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း အီစတာကျွန်းမှမြင်ရ

လုံးဝနေကြတ်ခြင်းကို လေ့လာကြည့်ရှုရန်အတွက် ထောင်ပေါင်းများစွာသော ခရီးသွားများနှင့် သိပ္ပံပညာရှင်များသည် ချီလီနိုင်ငံ အီစတာကျွန်းသို့ ရောက်ရှိနေခဲ့ကြသည်။ နေကြတ်ခြင်းသည် တွန်ဂါနိုင်ငံ အရှေ့တောင်ဘက် မိုင် ၄၀၀ကျော်အကွာတွင် ၁၈၁၅ ဂျီအမ်တီတွင် စတင်၍ ၂၀၁၁ ဂျီအမ်တီတွင်အီစတာကျွန်းသို့ ရောက်ရှိလာခဲ့သည်။လုံးဝနေကြတ်ခြင်းကို ကျွန်း၏ နေရာအနည်းငယ်မှသာ အပြည့်အဝမြင်ကြရသည်။ ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားသော ၄င်းကျွန်းတွင် လူ လေးထောင်ခန့် နေထိုင်လျက်ရှိရာ ထိုနေ့က လူဦးရေစုစုပေါင်းသည် ရှစ်ထောင်အထိခန့်မှန်း ရှိခဲ့လေသည်။ ၄င်းနေ့က လေပြင်းများတိုက်ခတ်သဖြင့် တိမ်ကင်းစင်နေ၍ နေကြတ်ခြင်းကို ထင်ထင်ရှားရှားမြင်တွေ့ကြရသည်။ (ဘီဘီစီ)

## တရုတ်နိုင်ငံတွင် လုပ်ငန်းများဆက်လက်လုပ်ကိုင်ရန် ဂူဂဲလ်ကုမ္ပဏီ လိုင်စင်ရ

အမေရိကန်အခြေစိုက် ရှာဖွေရေးဝက်ဘ်ဆိုက်ဖြစ်သော ဂူဂဲလ်ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် လိုင်စင်လျှောက်ထားခဲ့ရာ တရုတ်အစိုးရက ယမန်နေ့က လိုင်စင်အသစ်ချထားပေးလိုက်သည်ဟု သိရှိရသည်။ ဂူဂဲလ်ဝက်ဘ်ဆိုက်တွင် တင်ထားသော သတင်းအချက်အလက်များကို တရုတ်အစိုးရက စိစစ်ဖြတ်တောက်မှုများပြုလုပ်သဖြင့် ဂူဂဲလ်နှင့် တရုတ်အစိုးရတို့အကြား လပေါင်းများစွာ အငြင်းပွားခဲ့ကြရသည်။ ထိုအတောအတွင်း တရုတ်နိုင်ငံမှ ဂူဂဲလ်ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုသော အသုံးပြုသူများအား သတင်းဖြတ်တောက်မှုမရှိသည့် ဟောင်ကောင်းဝက်ဘ်ဆိုက်သို့ တဆင့်လမ်းကြောင်းလွှဲပေးခဲ့သည်။ ယခုကဲ့သို့ အိုင်စီပီ လိုင်စင်ချထားပေးသဖြင့်စီးပွားရေးဝက်ဘ်ဆိုက်တစ်ခုအဖြစ် လုပ်ရှားနိုင်ပြီဖြစ်သည်။ ဂူဂဲလ်၏ တရုတ်နိုင်ငံဝက်ဘ်ဆိုက်သို့ သုံးစွဲသူပေါင်း သန်း ၄၀၀ ဝင်ရောက်ကြည့်ရှုသည်။ (အေအက်ဖ်ပီ)

## အမေရိကန်လေတပ် ဆီဖြည့်လေယာဉ်စီမံကိန်းအတွက် တင်ဒါခေါ်ယူ

အမေရိကန်အခြေစိုက် အာကာသလေကြောင်းဆိုင်ရာ ဘိုးအင်းကုမ္ပဏီသည် အမေရိကန် စစ်လေယာဉ် တည်ဆောက်မှုဆိုင်ရာ ဒေါ်လာ၄၀ဘီလီယံတန်ကန်ထရိုက်ရရှိရေးအတွက် အဆိုပြုချက်ကို သောကြာနေ့က တင်သွင်းလိုက်ပြီဖြစ်သည်။ အဆိုပါ ကန်ထရိုက်အရ အမေရိကန်လေတပ်သို့ ကောင်းကင်ယံတွင် ဆီဖြည့်ပေးနိုင်သည့် လေယာဉ်ပေါင်း ၁၇၉ စင်း တည်ဆောက်ပေးရမည်ဖြစ်သည်။ ဤအစီအစဉ်သည် အမေရိကန်လေတပ်အား ပိုမိုအင်အားကြီးလာစေမည့်အပြင် ကန်ထရိုက်ရရှိသူအတွက်လည်း ငွေကြေးအမြောက်အများဖြစ်ထွန်းစေမည်ဖြစ်သည်။ ဤမျှကြီးမားသော ကန်ထရိုက်လုပ်ငန်းသည် ဆယ်စုနှစ်ပေါင်းများစွာကြာမှ တစ်ခါသာပေါ်ပေါက်လေ့ရှိသည်။ယခုကန်ထရိုက်အရတည်ဆောက်သောလေယာဉ်များဖြင့် လက်ရှိလေတပ်တွင်သုံးနေသော ၁၉၅၀ခုနှစ်ခန့်က လေယာဉ်များကို အစားထိုးမည်ဖြစ်သည်။ ဘိုးအင်းကုမ္ပဏီသည်ဥရောပမှအဲယားဘတ်စ် လေယာဉ်များတည်ဆောက်သော အီးအေဒီအက်စ်ကုမ္ပဏီနှင့်ပြိုင်ဆိုင်ရမည်ဖြစ်သည်။ဘိုးအင်း၏လေယာဉ်များသည် လေတပ်မှ တောင်းဆိုထားသောအချက်ပေါင်း ၃၇၂ချက်ကိုအပြည့်အဝ ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ ၄င်းအပြင် လေယာဉ်များသည် တန်ဖိုးအနည်းဆုံးနှင့် စွမ်းရည်အမြင့်ဆုံး ပေးနိုင်သည့်လေယာဉ်များဖြစ်သည်။ လေယာဉ်သက်တမ်းအတွင်း ဆီဖိုးသက်သက် ဒေါ်လာ ၁၀ဘီလီယံခန့်သက်သာမည်ဖြစ်သည်။ ထူးခြားသည့်အချက်မှာ အမေရိကန်နိုင်ငံတွင် ဖော်ပြပါကန်ထရိုက်စာချုပ်ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းခန့်ပေါ်ပေါက်လာမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## ရေယာဉ်ခြေရာခံ အာကာသယာဉ် နော်ဝေးလွှတ်တင်

နော်ဝေးနိုင်ငံသည် ၄င်း၏ ရေပြင်ပိုင်နက်တွင် လှုပ်ရှားသွားလျက်ရှိသော ရေယာဉ်များကို စောင့်ကြည့်ကွပ်ကဲနိုင်ရန် AISS-1 အမည်ရှိ အာကာသယာဉ်တစ်စီးကို ယမန်နေ့က လွှတ်တင်ခဲ့သည်။ ၄င်းအာကာသယာဉ်ကို အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ရှိ အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ၄င်းဂြိုဟ်တုငယ်သည် မြောက်ပင်လယ်တွင် သွားလာနေသော ရေယာဉ်များအနက်မှ တန် ၃၀၀အထက်ရှိသော ရေယာဉ်များမှ ပို့လွှတ်သည့် AIS သတင်းအချက်အလက်များကိုရယူစုဆောင်းမည်ဖြစ်သည်။ ကြီးကြပ်သူများသည် ပင်လယ်ရေပြင်အတွင်း လူစီးရေယာဉ်၊ ကုန်တင်ရေယာဉ်နှင့် ငါးဖမ်းရေယာဉ်တို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်မည်ဖြစ်သည်။ AIS အချက်အလက်များမှ သင်္ဘောတစ်စင်းစီ၏ တည်နေရာ၊ လမ်းကြောင်းနှင့် အမြန်နှုန်းတို့ကို တွက်ချက်သိရှိနိုင်မည်ဖြစ်သည်။ ၄င်းဂြိုဟ်တုငယ်သည် ဝန်ရိုးစွန်းအထက် ၆၀၀ ကီလိုမီတာ အမြင့်တွင် ပျံသန်းနေ၍ နော်ဝေးနိုင်ငံ၏ ရေပြင်ပိုင်နက်ကို တစ်ရာမိနစ်လျှင် တစ်ကြိမ် ထောက်လှမ်း၍ သတင်းများပေးပို့မည်ဖြစ်သည်။ (FFI)

## ကျူးဘားနိုင်ငံ၏ အကျဉ်းသား ၇ဦး စပိန်သို့ထွက်ခွာ

ရိုမင်ကက်သလစ်ဘုရားကျောင်းမှ တာဝန်ရှိသူများနှင့် စပိန်နိုင်ငံ သံတမန်များ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ကျူးဘားနိုင်ငံသည် နိုင်ငံရေးအကျဉ်းသား ၅၂ဦးကို လွှတ်ပေးရန်ဆုံးဖြတ်ခဲ့သည်။ ပထမအသုတ်အဖြစ် အကျဉ်းသား ၇ဦးကို လွှတ်ပေးခဲ့သည်။ အကျဉ်းသားများသည် ဟာဗာနာလေဆိပ်တွင် မိသားစုများနှင့် တွေ့ဆုံ၍ အသင့် စောင့်ဆိုင်းနေသောလေယာဉ်ဖြင့် စပိန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။ ၄င်းတို့သည် စပိန်နိုင်ငံတွင်သာမက အခြားနေရာများသို့လည်း သွားရောက်နေထိုင်ခွင့် ရှိကြသည်။ ၄င်း အကျဉ်းသားများအား အမေရိကန်နှင့် ချီလီနိုင်ငံတို့က နိုင်ငံရေးခိုလှုံခွင့် ပေးမည်ဟုကြေညာခဲ့သည်။ ၂၀၀၃ခုနှစ်တွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့၍ အစိုးရနှင့်သဘောကွဲလွဲသူ ၇၅ ဦးခန့်အား ဖမ်းဆီးထိန်းသိမ်း၍ ထောင်ဒဏ်အသီးသီးချမှတ်ခဲ့သည်။ ၄င်းအနက်မှ အကျဉ်းသား ၅၂ဦးကို လာမည့်လတွင် လွှတ်ပေးမည်ဟု သိရှိရသည်။ (ဘီဘီစီ)

## အီရန်နိုင်ငံ နျူကလီးယားလက်နက်ထုတ်လုပ်ရန် အလွန်နီးစပ်လျက်ရှိ

ရုရှားနိုင်ငံ သံတမန်များ၊ သတင်းအေဂျင်စီများနှင့် တွေ့ဆုံပွဲတွင် သမ္မတမက်ဗီဒက်က အီရန်နိုင်ငံသည် အနုမြူလက်နက် ထုတ်လုပ်နိုင်သည့်အခြေအနေနှင့်လွန်စွာနီးကပ်နေပြီဖြစ်ကြောင်း သတိပေးစကားပြောကြားသည်။ ရုရှားနိုင်ငံသည် ယခင်ကာလများက အီရန်နိုင်ငံနှင့် သံတမန်ရေးအရနှင့် စီးပွားရေးအရ မဟာမိတ်ဖြစ်ခဲ့သည်။ ထို့ကြောင့် အီရန်နိုင်ငံနှင့်ပတ်သက်လျှင် အမြဲတမ်း ပျော့ပြောင်းသည့်သဘောထားရှိခဲ့သည်။ သို့သော်လည်း မကြာခင်ကာလအတွင်းမှာပင် ရုရှား၏ ရပ်တည်ချက်များ ပြောင်းလဲလာခဲ့သည်။ အီရန်နိုင်ငံသည် ၂၀ရာခိုင်နှုန်းအထိ သန့်စင်ပြီးသော ယူရေနီယံ ၂၀ကီလိုဂရမ်း ထုတ်လုပ်ထားပြီးဖြစ်သည်ဟု အီရန်နိုင်ငံ၏ အနုမြူလုပ်ငန်းအကြီးအကဲ အက်ဘာဆာလီဟီက ထုတ်ဖော်ပြောဆိုသည်။ နိုင်ငံတကာအဖွဲ့အစည်းနေဖြင့် အီရန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးမှု အသစ်ကို ဆောလျင်စွာပြုလုပ်ရန် တိုက်တွန်းပြောဆိုသည်။ ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကို လက်ကမ်းလျက်ရှိသည်ဟု အီရန်သမ္မတက ထုတ်ဖော်ပြောဆိုသည်။ (အေအက်ဖ်ပီ)

## စင်္ကာပူသည် စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံဖြစ်

စင်္ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၀ခုနှစ်တွင် ၁၃ မှ ၁၅ရာခိုင်နှုန်းအတွင်း တိုးတက်မည်ဟု အစိုးရက ပြင်ဆင်ခန့်မှန်းခဲ့သည်။ ထို့ကြောင့် စင်္ကာပူနိုင်ငံသည် ယခုနှစ်တွင် စီးပွားရေးအတိုးတက်ဆုံး နိုင်ငံဖြစ်လာရန် မျှော်မှန်းထားကြသည်။ အမေရိကန်နိုင်ငံတွင် စီးပွားရေးပြန်လည်ရှင်သန်မှု နှေးကွေး၍ ဥရောပတွင် နိုင်ငံပိုင်ကြွေးမြီပြဿနာများကြောင့် စင်္ကာပူနိုင်ငံ၏ ဒုတိယနှစ်ဝက်အတွက် တိုးတက်မှုသည် အနည်းငယ်လျော့သွားဖွယ်ရှိသည်ဟု ဝန်ကြီးဌာနမှ ခန့်မှန်းသည်။ တရုတ်နိုင်ငံ၏ ဂျီဒီပီသည် ၉ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ (အေအက်ဖ်ပီ)

## ဂါဇာသို့သွားမည့် လစ်ဗျားအကူအညီပေးရေးသင်္ဘော အီဂျစ်တွင်ဆိုက်ကပ်

လစ်ဗျားနိုင်ငံမှ ဂါဇာဒေသအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ထားသောသင်္ဘောတစ်စီးသည်ဗုဒ္ဓဟူးနေ့နောက်ပိုင်းတွင်အီဂျစ်နိုင်ငံအယ်အရစ်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သည်။ သင်္ဘောပေါ်တွင် ဆေးဝါးမျိုးစုံနှင့် အစားအစာတန်၂၀၀၀ ၊ ဟင်းချက်ဆီ တန်၂၀၀၊ နို့ ၄၅တန်နှင့် ဆေးပစ္စည်းသေတ္တာ ၂၈လုံးတို့ပါဝင်သည်။သင်္ဘောပေါ်မှပစ္စည်း များကို ဆိပ်ကမ်းတွင်ချ၍ ထိုမှတစ်ဆင့် ထရပ်ကားများဖြင့် ဂါဇာဒေသသို့ ပေးပို့မည်ဖြစ်သည်။ (ဆင်ဟွာ)

## အီတလီနိုင်ငံ၏ မာဖီးယားဂိုဏ်းခေါင်းဆောင်အား ဖမ်းဆီးရမိ

အီတလီနိုင်ငံအစိုးရသည် နိုင်ငံတွင်းရှိ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဂိုဏ်းများကို ဖြိုခွဲရန် ရဲအရာရှိသုံးထောင်ခန့်ဖြင့်စစ်ဆင်ရေးတစ်ခုဆင်နွှဲလျက်ရှိသည်။ယမန်နေ့က နိုင်ငံတောင်ပိုင်းတွင် ရှာဖွေစီးနင်းမှုများ ပြုလုပ်ခဲ့ရာတွင် ရိုဆာနိုမြို့၌ နာဒရန်ဂီတရာဇဝတ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သူ ဒိုမီနီကိုဟိုပေဒီဆာနိုကို ဖမ်းဆီးရမိခဲ့သည်ဟု သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာသည်။ ၄င်းသည် အီတလီနိုင်ငံ၏ အင်အားအတောင့်တင်းဆုံး ရာဇဝတ်ဂိုဏ်း၏ခေါင်းဆောင်အဖြစ် ယမန်နှစ်ကမှ ခန့်ထားခံရခြင်းဖြစ်သည်။ နာဒရန်ဂီတအဖွဲ့သည် ဥရောပတိုက်၏ ကိုကင်းရောင်းဝယ်မှုကို ထိန်းချုပ်ထားနိုင်သဖြင့် နိုင်ငံတွင်းတွင် ကြောက်စရာအကောင်းဆုံးသော မာဖီးယားဂိုဏ်းဖြစ်သည်။ အီတလီအစိုးရသည် နေပယ်လ်မြို့တွင် ကန်မိုရာမာဖီးယားဂိုဏ်းမှ အဓိကပုဂ္ဂိုလ်များကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ (ဘီဘီစီ)

## အမေရိကန်ကမ်းလွန်တွင် ဘီပီကုမ္ပဏီ ရေနံရှာဖွေခွင့် ပိတ်ပင်ခံရ

လုံခြုံရေးမှတ်တမ်း ညံ့ဖျင်းသော ကုမ္ပဏီများအား ကမ်းလွန်ရေနံရှာဖွေတူးဖော်ခွင့် ပိတ်ပင်ရေးဆိုင်ရာ ဥပဒေကြမ်းကို အမေရိကန်အောက်လွှတ်တော် သဘာဝရင်းမြစ်များ ဆိုင်ရာ ကော်မတီက ထောက်ခံအတည်ပြုပေးခဲ့သည်။ ရေနံယိုစိမ့်မှု ဖြစ်ပေါ်ခဲ့သော ဘီပီကုမ္ပဏီအား အမည်တပ်ပိတ်ပင်ခြင်းမဟုတ်သော်လည်း ၄င်းကုမ္ပဏီသည် အမေရိကန်ကမ်း လွန်တွင် လာမည့် ၇နှစ်အတွင်း ရေနံရှာဖွေတူးဖော်ခွင့် ရရှိတော့မည်မဟုတ်ပေ။ ဥပဒေကြမ်းတွင် လွန်ခဲ့သော ၇နှစ်အတွင်း ရေနံတူးဖော်ရာ၌လည်းကောင်း၊ ထုတ်လုပ်ရာ၌လည်း ကောင်း၊ သန့်စင်ရာ၌လည်းကောင်း လူ ၁၀ဦးထက်မနည်း သေဆုံး၍ အမေရိကန်နိုင်ငံ၏ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ဥပဒေများကိုချိုးဖောက်သည့်ကုမ္ပဏီများနှင့်သက်ဆိုင်လေသည်။ ဘီပီကုမ္ပဏီသည် ဧပြီလက ရေနံတူးစင် ပေါက်ကွဲပြိုကျရာ၌ လုပ်သား ၁၁ဦး သေဆုံးခဲ့သည်။ (ဘီဘီစီ)

## ယိုဖိတ်ရေနံတွင်းအား ယာယီပိတ်ဆို့ထားနိုင်

ဘီပီရေနံကုမ္ပဏီသည် ရေနံယိုစိမ့်ထွက်နေသော ရေအောက်တွင်းကို ကွန်ကရီအဖုံးဖြင့် ကောင်းစွာဖုံးအုပ်နိုင်သဖြင့် ရေနံယိုစိမ့်မှု ရပ်စဲသွားပြီဖြစ်ကြောင်း သိရှိရသည်။၄င်း ပိတ်ဆို့မှုသည် ယာယီအစီအစဉ်ဖြစ်၍ ၄၈နာရီကြာမည်ဟု သိရှိရသည်။ ဤအတောအတွင်း ၄င်းရေနံတွင်း၏ ဖိအားကိုစမ်းသပ်တိုင်းတာမည်ဖြစ်သည်။ဖိအားနည်းပါကအခြားတနေရာ တွင် ယိုပေါက်ရှိနိုင်၍ ဖိအားများပါက ၄င်းတွင်းကို လုံးဝပိတ်သိမ်းမည် (သို့မဟုတ်) ၄င်းမှထွက်သောရေနံများကို သင်္ဘော ၄စီးပေါ်သို့ ကဲ့ယူမည်ကို ဆုံးဖြတ်ရမည်ဖြစ်သည်။ အစားထိုး တွင်းတစ်ခုကို တူးဖော်လာခဲ့ရာ ကြမ်းပြင်အောက် ပေ ၁၀၀သို့ ရောက်ရှိနေပြီဖြစ်သည်။ (ဘီဘီစီ)

## အမေရိကန် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု ဥပဒေ ဆီးနိတ်အတည်ပြု

အမေရိကန် ဆီးနိတ်လွှတ်တော်သည် နိုင်ငံတွင်းရှိ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ စည်းမျဉ်းစည်းကမ်းသစ်များနှင့် ပတ်သက်သော ဥပဒေကြမ်းကို ယမန်နေ့က အတည်ပြုပေးခဲ့သည်။ အဆိုပါဥပဒေကြမ်းသည် ၂၀၀၈ခုနှစ်က ဖြစ်ပွားခဲ့သော ကမ္ဘာ့စီးပွားရေးအကြပ်အတည်းမျိုး ထပ်မံမဖြစ်ပွားရန် ရည်ရွယ်ထားသည်။ ယခုဥပဒေသည် စားသုံးသူ များအတွက် ကာကွယ်ပေး၍ ဘဏ်များ၏ အန္တရာယ်ယူ စွန့်စားမှုများကိုလည်း လျော့ချရန် ရည်ရွယ်သည်။ ၄င်းအပြင်ငွေရေးကြေးရေးလုပ်ငန်းများတွင်တရားမဝင်မှောင်ခိုရောင်းဝယ်မှု ကိုလည်း တားမြစ်မည်ဖြစ်သည်။ ထို့ပြင် ဆီးနိတ်လွှတ်တော်သည် ယခင် ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း မစ္စတာ ပေါလ်ဗိုကာရေးဆွဲပေးသော ဗိုကာစည်းမျဉ်းများ(Volcker rule)ကိုလည်း အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။ (ဘီဘီစီ)

# သတင်းအတို

## ငွေကြေးနှင့် ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်းဖွင့်မည်

ဘဏ်အသစ်များဖွင့်လှစ်ပြီးနောက်လူ့စွမ်းအား လိုအပ်ချက်ရှိလာချိန်တွင် STI Education ကငွေကြေးနှင့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းကို ဇူလိုင်လအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း STI Educationမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ "ဘဏ်လုပ်ငန်းနယ်ပယ်မှာ ပရော်ဖက်ရှင်နယ်ရပ်တည်မယ့် သူတွေ များများမွေးထုတ်ပေးချင်ပါတယ်"ဟု ၎င်းကဆိုသည်။ အဆိုပါသင်တန်းတွင် Financial Marketing Financial Management စသည့် ငွေကြေးစီမံခန့်ခွဲမှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာဘာသာရပ်များ၊ ဘဏ်လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှု၊ Financial market ၏ တည်ဆောက်ပုံ၊ Finance ၏ အခြေခံသဘောတရား၊ ဆင်ခြင်သုံးသပ်ရန် အခြေခံဥပဒေများကို သင်ကြားသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ Financial Theory သဘောတရားများ၊ ယခင်နှင့်ယနေ့ခေတ် Financial Asset များ၊ Financial Intermediaries အမျိုးအစားများနှင့် Financial Market ၏ လုပ်ငန်းဆောင်ရွက်ပုံများကို အကျွမ်းတဝင်ရှိ စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ တက်ရောက်လိုသူများအနေဖြင့် ဖုန်း -၂၅၀၀၅၆၊ ၇၀၀၂၇၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၁၀ခုနှစ်ဇူလိုင် ၁၂ရက် နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကျပ်ငါးသိန်းတန်ဖုန်းကို နယ်မြေကန့်သတ်ချက်မရှိဘဲ သုံးစွဲနိုင်တော့မည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ချထားပေးလျက်ရှိသော ကျပ်ငါးသိန်းတန်စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများကို ယခုလ ၁၅ရက်မှ စတင်ကာ ရန်ကုန်မြို့တွင် နယ်မြေကန့်သတ်ချက်မရှိဘဲ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ထိုလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါဖုန်းများကို သတ်မှတ်နယ်မြေတိုးချဲ့ သုံးစွဲနိုင်ရန် ပြီးခဲ့သည့်လမှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုလ ၁၅ ရက်မှစတင်၍ ရန်ကုန်တိုင်းအတွင်း ၃၃မြို့နယ်လုံးသို့ သယ်ဆောင်သုံးစွဲနိုင်မည်ဖြစ်သည်။ ဇန်နဝါရီလဆန်းတွင် စတင်ဌားရမ်းသုံးစွဲခွင့်ပြုခဲ့သည့် ထိုဖုန်းများကို ယခုအခါ ရန်ကုန်မြို့ရှိ သတ်မှတ်နေရာရှစ်ခုနှင့် မန္တလေးမြို့ရှိ သတ်မှတ်နေရာသုံးခုတွင် သတ်မှတ်ချိန်အတွင်း အပြီးသတ် လျှောက်ထားရယူနိုင်ပြီဖြစ်သည်။ ထိုဖုန်းများကို စတင်ချ ထားပေးခဲ့သည့်အချိန်က ရန်ကုန်မြို့တွင် လိုင်း ၁၀၀၀၀၀ နှင့် မန္တလေးမြို့တွင် လိုင်း ၅၀၀၀၀ ချထားပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သော်လည်း နောက်ပိုင်းတွင် လိုင်းပေါင်းငါးသိန်းအထိ တိုးမြှင့်ချထားပေး မည်ဖြစ်ကြောင်း ထပ်မံကြေညာခဲ့သည်။ ထိုဖုန်းများကို ဇန်နဝါရီလဆန်းတွင် စတင်ချထားပေးခဲ့စဉ်က ရန်ကုန်မြို့တွင် နယ်မြေကန့်သတ်ချက်ထားရှိခဲ့ပြီး မန္တလေးမြို့တွင်မူ တစ်မြို့လုံးသယ်ဆောင်သုံးစွဲနိုင်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာသင်္ဘောသား လူစွန့်စားများ၏ ကိုယ်တွေ့ဖြစ်ရပ်ကို MRTV-4 က ရိုက်ကူးထုတ်လွှင့်ရန် စီစဉ်

ဗြိတိန်နိုင်ငံသားလေးဦးကို ကယ်တင်နိုင်ခဲ့သည့် မြန်မာသင်္ဘောသားများ၏ ကိုယ်တွေ့ကယ်တင်ခဲ့ပုံများကို MRTV-4 က သရုပ်ဖော်ဇာတ်လမ်းပုံစံဖြင့် ရိုက်ကူးထုတ်လွှင့်သွားရန် စီစဉ်နေကြောင်း သိရသည်။ အဆိုပါ သရုပ်ဖော်ဇာတ်လမ်းတို ရိုက်ကူးထုတ်လွှင့်ရန်အတွက် MTM Princess သင်္ဘောမှ ကပ္ပတိန် ဇော်အောင်နှင့် MRTV-4 တို့မှ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကာ ယင်းဇာတ်လမ်းတိုတွင် ဗြိတိန်နိုင်ငံသားလေးဦးအား မုန်တိုင်းကြားမှ ကယ်တင်ခဲ့သော မြန်မာသင်္ဘောသားများကိုယ်တိုင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ကပ္ပတိန် ဇော်အောင် ဦးဆောင်သော အဆိုပါ MTM Princess သင်္ဘောမှာ ဓာတုဗေဒပစ္စည်းတင်ဆောင်လာသော သင်္ဘောဖြစ်ကာ အမေရိကန်နိုင်ငံ Point Comfort ဆိပ်ကမ်းမှ စပိန်နိုင်ငံသို့ သွားနေစဉ် ဗြိတိန်နိုင်ငံသားလေးဦးစီးနင်းလာသော ရွက်သင်္ဘောမှာ တက်မကျိုး၍ အကူအညီလိုကြောင်း အကြောင်းကြားစာကို ဖွန် ၉ရက်ညက ရရှိပြီးနောက် ယင်းနိုင်ငံခြားသား များအား ရာသီဥတုကြမ်းတမ်းနေသည့်ကြားမှပင် ထိခိုက်မှုတစ်စုံတစ်ရာ မရှိအောင် ကျွမ်းကျင်စွာ ကယ်တင်လိုက်နိုင်ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်အား မြန်မာနိုင်ငံသားများ၊ မြန်မာသင်္ဘောသားများ အားလုံးသိရှိ ဂုဏ်ယူနိုင်စေရန်အတွက် ဇာတ်လမ်းတိုပုံစံအဖြစ် ပြန်လည်ဖန်တီးကာ ကိုယ်တွေ့ကြုံရသူများက ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၃ရက် နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကျပ်သိန်း၃၀၀၀၀တန်ဖိုးရှိ အစုရှယ်ယာများ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ရောင်းချမည်

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ကျပ်သိန်း ၃၀၀၀၀တန်ဖိုးရှိအစုရှယ်ယာများ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဘဏ်အနေဖြင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုမတည်ရင်းနှီးငွေကျပ်သိန်း ၅၀၀၀၀မှ ၁၀၀၀၀၀အထိတိုးမြှင့် ခဲ့ပြီး အစုရှယ်ယာများရောင်းချခဲ့ရာတွင်ကျပ်သိန်း ၇၀၀၀၀တန်ဖိုးရှိရှယ်ယာများမှာ ရောင်းချခဲ့ပြီးဖြစ်ကြောင်း ၊ ယခုကျန်ရှိသည့် ကျပ်သိန်း ၃၀၀၀၀တန်ဖိုးရှိအစုရှယ်ယာများကို အပ်ငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ရှယ်ယာတစ်စုရဲ့ တန်ဖိုးက ကျပ်ငါးသိန်းသတ် မှတ်ထားကြောင်း၊ အစုရှယ်ယာ၁၀စု၊ ကျပ်ငါးသန်းနဲ့ အထက် လက်ဝယ်ပိုင်ဆိုင်ထားသူဟာ ဘဏ်ဒါရိုက်တာအဖြစ် ရွေးချယ်ခံနိုင်ခွင့်ရှိကြောင်း သိရသည်။ အဆိုပါ ဘဏ်၏၂၀၁၀ပြည့်နှစ် မတ် ၃၁ရက်အထိ အပြည့်အဝထည့် ဝင်ပြီး အစုရှယ်ယာအရေအတွက်မှာ ၁၃၉၃၆ဖြစ်ပြီး တန်ဖိုးမှာကျပ်သိန်းပေါင်း ၆၉၀၀၀ကျော်ဖြစ်ကြောင်းသိရသည်။ အစုရှယ်ယာရှင်များသို့ နှစ်စဉ် ပေးခဲ့သော အမြတ်ဝေစုရာခိုင်နှုန်းများအနေဖြင့် ၁၉၉၉-၂၀၀၀ဘဏ္ဍာရေးနှစ်တွင် ၁၁ဒသမ ၇ရာခိုင်နှုန်းပေးခဲ့ရာမှ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်၍ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ၂၂ဒသမ ၅ရာခိုင်နှုန်းအထိ တိုးမြှင့် ပေးနိုင်ခဲ့ကြောင်း ၂၀၁၀ခုနှစ်ဇူလိုင် ၁၅ရက်နေ့ထုတ် ရန်ကုန်တိုင်း( မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပြည်တွင်းဈေးကွက်ရှိ နို့မှုန့်များထဲတွင် မယ်လမင်းပါဝင်မှု ရှိ၊ မရှိ စစ်ဆေးပြီးမှသာ ရောင်းချခွင့်ပြုမည်ဟု FDA ဆို

ပြည်တွင်းဈေးကွက်ရှိ နို့မှုန့်များထဲတွင် မယ်လမင်းပါဝင်မှု ရှိ၊ မရှိ စစ်ဆေးပြီးမှသာ ရောင်းချခွင့်ပြုမည်ဟု FDA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ FDA သည် သွင်းခွင့်ရ နို့မှုန့်များအပြင် ဈေးကွက်အတွင်းရှိ နို့မှုန့်များကိုလည်း အမြဲမပြတ်နမူနာယူပြီး စစ်ဆေးနေသည်ဟုဆိုသည်။ ဇူလိုင် ဒုတိယပတ်အတွင်း တရုတ်နိုင်ငံရှိ နို့ထွက်ပစ္စည်းများတွင် မယ်လမင်းပါဝင်နေသည်ဟု သတင်းများထွက်ပေါ်အပြီးတွင် FDA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။ " ဒိုင်တွေ၊ ဈေးတွေ၊ စက်ရုံတွေကို FDA ၊ မြို့နယ် ကျန်းမာရေးမှူးနဲ့ မြို့တော်စည်ပင်ကျန်းမာရေးဌာနက အမြဲစစ်ဆေးနေတယ်။ FDA က အန္တရာယ်ရှိတဲ့ အစားအစာတွေကို မီဒီယာကနေ ကြေညာပေးနေပါတယ် " ဟု မြို့တော်စည်ပင်ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## "၂၀၁၀ လာနီညာရာသီဥတုဖြစ်နိုင်ခြေအပေါ် သုံးသပ်ချက်" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရ

၂၀၁၀ပြည့်နှစ်တွင် သက်ရောက်မည့် ရာသီဥတုနှင့် စပ်လျဉ်း၍ "၂၀၁၀ လာနီညာရာသီဥတုဖြစ်နိုင်ခြေအပေါ်သုံးသပ်ချက်" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း၊ ဇူလိုင်လ ၁၇ရက်နေ့၊ နေ့လည် ၂နာရီတွင်ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူများထံမှ သတင်းရရှိပါသည်။ အဆိုပါခေါင်းစဉ်ဖြင့် ဒေါက်တာထွန်းလွင် (မိုး/ဇလ) ( ငြိမ်း) မှ ဟောပြောမည်ဖြစ်ကြောင်း၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမတွင် ဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ " ၂၀၁၀ပြည့်နှစ် ရာသီဥတုဟာဘယ်လိုရာသီဥတုအမျိုးအစားသက်ရောက်ဖို့ပိုပြီးဖြစ်နိုင်ခြေရှိတဲ့အကြောင်းဟော ပြောမှာဖြစ်ပါတယ်။ တောင်သူတွေရော၊ ငါးလုပ်ငန်းကဏ္ဍမှာရှိတဲ့ သူတွေအပြင် ရာသီဥတုအပေါ် အဓိက အမှီပြုရသူတွေအားလုံး သိရှိစေဖို့ ရည်ရွယ်ပြီးတော့ ဟောပြောပွဲကျင်းပခြင်းဖြစ်ပါတယ်၊ စိတ်ဝင်စားတဲ့သူအားလုံးတက်ရောက်နိုင်ပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်မှပြောကြားခဲ့ပါကြောင်း ၂၀၁၀ခုနှစ် ဇူလိုင် ၁၆ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နိုင်ငံခြားကုန်သွယ်ရေးဘဏ် တိုးချဲ့မည်

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းပေါ်ရှိ နိုင်ငံခြား ကုန်သွယ်ရေးဘဏ်ကို ကုန်သည်လမ်းမကြီးအထိ တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်(၃)ကို ဆူးလေဘုရားလမ်းပေါ်ရှိ ယခင်စီးပွားရေးဘဏ်(၃) (မူလနေရာ) သို့ ပြောင်းရွှေ့မည်ဖြစ်ကာ နိုင်ငံခြားကုန်သွယ်ရေးဘဏ်ကို ယခုမြန်မာ့ စီးပွားရေးဘဏ်(၃)နေရာအထိ တိုးချဲ့မည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် အကြီးတန်းအရာရှိက ပြောသည်။ " နိုင်ငံခြား ကုန်သွယ်ရေးဘဏ် တိုးချဲ့ဖို့က စာတင်ထားပြီးပါပြီ။ ခွင့်ပြုချက်ရတာနဲ့ အမြန်ဆုံးဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကြိုတင်ပြီးတော့ ပြင်ဆင်မှုတွေ လုပ်ထားပါတယ် " ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။ နိုင်ငံခြားကုန်သွယ်ရေးဘဏ်ကို ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတကာမှ ဘဏ်များနှင့် ချိတ်ဆက်ကာ ငွေစု၊ ငွေလွှဲ လုပ်ဆောင်ပေးနေသော ဘဏ်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရတနာပုံတယ်လီပို့နဲ့ ရွှေသံလွင်ကုမ္ပဏီ ပူးပေါင်းရုပ်သံ ၂၉လိုင်း ထုတ်လွှင့်ဖို့စီစဉ်

ရတနာပုံတယ်လီပို့နဲ့ ရွှေသံလွင်ကုမ္ပဏီတို့အကျိုးတူ ပူးပေါင်းပြီး ရုပ်သံလိုင်း ၂၉လိုင်း ထုတ်လွှင့်ပြသနိုင်ဖို့စီစဉ်နေကြောင်း သိရတယ်။ ရုပ်သံလိုင်း ငါးလိုင်းက အခမဲ့ ပြသမှာဖြစ်ပြီး ကျန်တဲ့ ၂၄လိုင်းက အခကြေးငွေနဲ့ ပြသမှာလို့ဆိုတယ်။ ရတနာပုံတယ်လီပို့က တာဝန်ရှိသူတစ်ဦးက " အိုင်မူဗီ (I movie) အမည်နဲ့ ချန်နယ် ၂၉လိုင်း လွှင့်နိုင်ဖို့ စီစဉ်နေတယ်၊ ရတနာပုံတယ်လီပို့က လွှင့်မှာပါ " လို့ ပြောတယ်။ ရွှေသံလွင်ကုမ္ပဏီက တရားဝင်ထုတ်လုပ်ခွင့် ရရှိထားတဲ့ မီဒီယာကုမ္ပဏီတစ်ခုဖြစ်သည်ဟု ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့ရုပ်မြင်သံကြားမှာ Just For Laughs အစီအစဉ်ပြသမည်

လျှပ်တစ်ပြက်ဟာသအစီအစဉ်ကို ဇူလိုင် ၁၆ရက်နေ့က စပြီးမြန်မာ့ရုပ်မြင်သံကြားမှာ ပြသမယ်လို့ multimedia ကုမ္ပဏီမှ သိရပါတယ်။ လျှပ်တစ်ပြက်ဟာသအစီအစဉ်မှာ နိုင်ငံခြားက ဟာသအစီအစဉ်တွေကို ၁၅မိနစ်စာပြသမှာဖြစ်ပါတယ်။ ကြည့်ရှုတဲ့သူတွေအနေနဲ့ ၁၅မိနစ်ပျော်ရွှင်မှုရရှိမယ့် အစီအစဉ်တစ်ခုဖြစ်ပါတယ်။ multi mediaမှ တာဝန်ရှိသူက ' ပရိုဂရမ်အသစ်အနေနဲ့ထုတ်လွှင့်ပေးတာပါ၊ ကြည့်တဲ့ ပရိသတ်တွေကို ဟာသအနေနဲ့ ဖျော်ဖြေရေးသက်သက် လွှင့်ပေးဖြစ်တာပါ၊ အလုပ်က ပြန်လာပြီး မောပန်းနေတဲ့အချိန်မှာ ဒီအစီအစဉ်ခဏကြည့်ပြီး ပျော်ရွှင်မှုရသွားစေမှာဖြစ်တယ်'လို့ပြောပါတယ်။ လျှပ်တစ်ပြက်ဟာသအစီအစဉ်ကို Just for Laughs လို့အမည်ပေးထားပြီး အပတ်စဉ် သောကြာနေ့တိုင်း ည ၈း၀၀နာရီ သတင်းအပြီးမှာ ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။ အဆိုပါ multi media ကုမ္ပဏီကနေ ကိုရီးယားရုပ်သံ ဇာတ်လမ်းတွဲတွေကိုလည်း အပတ်စဉ်ထုတ်လွှင့်ပြသနေကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်၁၆ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အက်ဖ်အီးစီ နှစ်ဆယ်တန်ကတ် ဈေးလျှော့ရောင်း

အက်ဖ်အီးစီ နှစ်ဆယ်တန်ကတ် တခါသုံး ဖုန်းကတ်တွေကို တချို့ဖုန်းအရောင်းဆိုင်တွေက ကျပ် ၂၀၀၀၀ အထိ ဈေးလျှော့ရောင်းလာတာ တွေ့ရပါတယ်။ အရင်က ကျပ် ၂၅၀၀၀ နဲ့ ရောင်းချပြီး အခုဇူလိုင်လ မတိုင်ခင်မှာ ကျပ် ၂၃၀၀၀ လောက်ထိ ဈေးကျလာပါတယ်။ အခုဇူလိုင်လဆန်းကစပြီး တချို့ဆိုင်တွေမှာ ကျပ် ၂၀၀၀၀ အထိ လျှော့ဈေးနဲ့ ရောင်းချလာတာပါ။ " အက်ဖ်အီးစီ၊ ဒေါ်လာဈေးကျတာကြောင့် ဖုန်းကတ်ဈေးကျတာလို့ သိရပါတယ်။ ဖုန်းကတ် ၁၀၀၀ လောက်ဝယ်တဲ့အတွက် ကတ်ဝယ်တဲ့အခါ အရေအတွက်များရင် ဈေးလျှော့ပေးလို့ အခုလို ကျပ် ၂၀၀၀၀ အထိလျှော့ရောင်းနိုင်တာ " လို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဖုန်းအရောင်းဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အခုလို ဆိုင်တစ်ဆိုင်နဲ့ တစ်ဆိုင် ဈေးကွာနေတာက တချို့ဆိုင်တွေက ပုံမှန်သတ်မှတ်ထားတဲ့ ဈေးထက်လျှော့ရောင်းနိုင်ပေမဲ့ တချို့ဆိုင်တွေကတော့ ပုံမှန်သတ်မှတ်ထားတဲ့ ဈေးအတိုင်းရောင်းကြပါတယ်။ " တချို့ဆိုင်တွေက ကျပ် ၂၀၀၀၀ အထိ လျှော့ရောင်းပေမယ့် ကျွန်မတို့ဆိုင်က ဖုန်းကတ်အများကြီး မဝယ်ဘဲ ကုန်နိုင်သလောက် နည်းနည်းပဲဝယ်လို့ သူတို့လျှော့ရောင်းသလို မရောင်းနိုင်တာပါ၊ ဒါပေမဲ့ အခုတော့ ဆိုင်တွေက အတတ်နိုင်ဆုံး ဈေးလျှော့ရောင်းနေကြပါတယ် " လို့ ကမာရွတ်မြို့နယ်မှာရှိတဲ့ ဖုန်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

<u>အနိုင်းပိုက်ကွန်</u>

လောကမှာ ရှိရှိသမျှ ပိုက်ကွန်တွေအားလုံးထဲမှာ မောဟပိုက်ကွန်ဟာ အနိုင်းမဲ့ပိုက်ကွန် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မောဟပိုက်ကွန်ထက်ပိုပြီး သတ္တဝါတွေကို ငြိယှက်ဖုံးကွယ်တတ်ပါတယ်၊ ချုပ်နှောင်ဖမ်းဆီးတတ်ပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာတခြားပိုက်ကွန် မရှိတော့လို့ပါပဲ။

မောဟပိုက်ကွန်နဲ့ လဲလှယ်သင့် လဲလှယ်ထိုက်တဲ့ တခြားပိုက်ကွန်လောကမှာ မရှိတော့တဲ့အတွက် မောဟပိုကွန်ဟာ အနိုင်းမဲ့ပိုက်ကွန်ဖြစ်ရပါတယ်။

ပိုက်ကွန်ဆိုတာ မိမိအတွင်း ဝင်ရောက်လာတဲ့ သတ္တဝါတွေကို ချုပ်နှောင်ထားတတ်တဲ့သဘောရှိပါတယ်။ ပိုက်ကွန်အတွင်း သက်ဆင်းကျရောက်သွားတဲ့ သတ္တဝါတွေဟာ ပိုက်ကွန်ရဲ့ အပြင်ဘက်ကို ပြန်ရောက်ဖို့မလွယ်တော့ပါဘူး။ လွတ်ထွက်ဖို့ သိပ်ခက်ပါတယ်။

ပိုက်ကွန်ထဲမှာနေရတော့ရော စိတ်ချမ်းချမ်းသာသာ နေရသလားဆိုတော့ မနေရပါဘူး။ မကြာခင်မှာ သေရတော့မယ်ဆိုတဲ့အသိနဲ့ စိတ်ပင်ပန်းဆင်းရဲစွာ နေရပါတယ်။ မလွဲမသွေ ကြုံတွေ့ရတော့မယ့် သေခြင်းတရားကို အနီးကပ်စောင့်စားရင်း စိတ်နှလုံးထိပ်လန့်တုန်လှုပ်စွာ ပူလောင်နေရပါတယ်။

ပိုက်ကွန်ထဲရောက်နေမှန်း သိပါရက်နဲ့၊ ပိုက်ကွန်မိနေမှန်းသိပါရက်နဲ့ ပျော်နေတဲ့သတ္တဝါ၊ စိတ်ချမ်းသာနေတဲ့သတ္တဝါကတော့ အင်မတန့်ကို မိုက်မဲလွန်းလို့၊ အင်မတန်ကို ထူအလွန်းလို့ ဖြစ်ပါလိမ့်မယ်။

သတ္တဝါတွေကို လွတ်မြောက်ချမ်းသာခွင့်မပေးဘဲ ကျပ်တည်းဆင်းရဲစွာ ချုပ်နှောင်ငြိယှက်ထားတတ်တဲ့ ပိုက်ကွန်တွေထဲမှာ မောဟပိုက်ကွန်ဟာ အဆိုးဝါးဆုံးပိုက်ကွန် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မေဟပိုက်ကွန်ဟာ ပြတ်တောက်အောင် ဖြတ်ဖောက်ဖို့ အခက်ခဲဆုံးပိုက်ကွန်၊ အထူထပ်ဆုံးပိုက်ကွန် ဖြစ်နေလို့ပါပဲ။

အပြင်လောကမှာရှိတဲ့ ငှက်ဖမ်းပိုက်ကွန်၊ ငါးဖမ်းပိုက်ကွန်၊ သားကောင်ဖမ်းပိုက်ကွန်တွေက ငှက်တွေ၊ ငါးတွေ၊ သားကောင်တွေရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် တစ်ခါတစ်ရံမှာ အလွယ်တကူနဲ့ ပြတ်တောက်ကောင်း ပြတ်တောက်သွားနိုင်ပါတယ်။ ဒါတောင်မှ သိပ်တော့ မလွယ်လှပါဘူး။

မောဟပိုက်ကွန်ကတော့ အမိခံသတ္တဝါတွေလောကနည်းလမ်းနဲ့ ဘယ်လိုပဲ ကြိုးပမ်းအားထုတ်အားထုတ်၊ ဘယ်တော့မှ မပြတ်တောက်နိုင်ပါဘူး။ ဓမ္မနည်းလမ်းနဲ့ ကြိုးပမ်းအားထုတ်တာတောင်မှ လွယ်လွယ်ကူကူနဲ့ ပြတ်တောက်မသွားနိုင်ပါဘူး။ ပိုက်ကွန်အထပ်ရေများပြီး ထူထဲလွန်းလှတဲ့အတွက် ခက်ခက်ခဲခဲဖြတ်ဖောက်မှ ပြတ်တောက်နိုင်ပါတယ်။

သတ္တဝါတွေကို လွှမ်းခြုံရစ်ပတ်ထားတဲ့ မောဟပိုက်ကွန်က အထပ်ရေပေါင်း ကိုးထပ်တောင်ချုပ်စပ်ထားပါတယ်။ ကိုးထပ်ချုပ်ပိုက်ကွန်ကြီးကို ထိုးဖောက်ဖြတ်တောက်ပြီး လွတ်မြောက်ခွင့်ရဖို့ဆိုတာကတော့ တော်ရုံတန်ရုံ စွမ်းအားမျိုးနဲ့ ဘယ်ဖြစ်နိုင်ပါ့မလဲ။

ကိုးထပ်ချုပ် မောဟပိုက်ကွန်ကြီးရဲ့ အောက်ဆုံးအထပ်ကတော့ ကံနဲ့ ကံရဲ့ အကျိုးကိုမသိတဲ့မောဟပါပဲ။ အထူးထဲဆုံး၊ အကြမ်းတမ်းဆုံးပိုက်ကွန်အထပ်ဖြစ်ပါတယ်။ သံသရာခရီးသွားတွေအတွက် ကြောက်မက်ဖွယ်အကောင်း ပိုက်ကွန်လို့ဆိုရင် မမှားပါဘူး။

"သတ္တဝါတွေဟာ ကိုယ်ပြုတဲ့ကံ၊ ကိုယ်လုပ်တဲ့အလုပ်ရဲ့အကျိုးကို ကိုယ်ကိုယ်တိုင်ပဲ ခံစားရတယ်၊ ကောင်းကံပြုပြီး ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ မကောင်းကံပြုပြီး မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမယ်"လို့ ကံနဲ့ကံရဲ့ အကျိုးလေးကိုတောင်မှ မသိနားမလည်လောက်အောင် မေဟထူပြောနေတဲ့သူဟာ "ဒါကုသိုလ်ကံ၊ ကောင်းတဲ့အလုပ်၊ လုပ်သင့်တယ်၊ ဒါ အကုသိုလ်ကံ၊ မကောင်းတဲ့အလုပ်၊ မလုပ်သင့်ဘူး" ဆိုတာ ခွဲခြားဝေဖန်နိုင်စွမ်းလုံးဝမရှိတဲ့အတွက် ကုသိုလ်ကံတွေကိုလည်း ဆည်းပူးစုဆောင်းဖြစ်မှာမဟုတ်သလို အကုသိုလ်ကံတွေကိုလည်း ဆည်းပူးစုဆောင်းဖြစ်မှာ မဟုတ်သလိုအကုသိုလ်ကံတွေကိုလည်း စွန့်ကြဉ်ရှောင်ရှားဖြစ်မှာမဟုတ်တော့ပါဘူး။

စိတ်ရဲ့ပင်ကိုယ်သဘာဝက မကောင်းမှုမှာပဲ မွေ့လျော်တတ်တာမို့ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း ခွဲခြားမသိတဲ့ ပိုက်ကွန်မိ လူတစ်ယောက်အတွက် အကုသိုလ်တံခါးကြီး အမြဲဟင်းလင်းပွင့်နေပါတယ်။ အယူမှား မိစ္ဆာဒိဋ္ဌိကြီးတွေအားလုံးဟာ ကံ,ကံရဲ့အကျိုးကို မသိ၊ မမြင်၊ မယုံကြည်မှုကနေ မြစ်ဖျားခံကြတာမို့ မိစ္ဆာဒိဋ္ဌိတံခါးကြီးလည်း အမြဲဟင်းလင်းပွင့်နေပါတယ်။

အကုသိုလ်တံခါးကြီးရဲ့ ဟိုဘက်၊ ဒုစရိုက်တံခါးကြီးရဲ့ ဟိုဘက်၊ မိစ္ဆာဒိဋ္ဌိတံခါးကြီးရဲ့ ဟိုဘက်မှာတော့ အပါယ်လေးဘုံပဲရှိပါတယ်။ အပါယ်လေးဘုံဟာ ကံနဲ့ ကံရဲ့အကျိုးကို လုံးဝမယုံကြည်သူတွေရဲ့ ကိုယ်ပိုင်အိမ်ပါပဲ။ လယ်တီဆရာတော်ဘုရားကြီးရဲ့ စကားနဲ့ပြောရရင်တော့ "အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက်သွားလမ်းတည်း"ပေါ့။

ကိုးထပ်ချုပ် မောဟပိုက်ကွန်ကြီးရဲ့ နောက်အထပ်သုံးထပ်ကတော့ ရှေးဘဝကို မသိတဲ့ မောဟ၊ နောက်ဘဝကိုမသိတဲ့မောဟနဲ့ ရှေးဘဝ၊ နောက်ဘဝနှစ်ခုစလုံးကို မသိတဲ့မောဟတို့ဖြစ်ပါတယ်။

တချို့က ရှေးအတိတ်မှာ ဘဝတွေဖြစ်ခဲ့ဖူးတယ်ဆိုတာကို မယုံကြည်ကြပါဘူး။ ဒီဘဝကျမှ (ယခုပစ္စုပ္ပန်ဘဝကျမှ) ထာဝရဘုရား၊ မဟာဗြဟ္မာစတဲ့ တန်ခိုးရှင်တွေ ဖန်ဆင်းလိုက်လို့ ဘဝဆိုတာ ဖြစ်လာတယ်လို့ မှတ်ထင်နေကြပါတယ်။ ဒါပေမဲ့ နောက်နောက်အနာဂတ်မှာ ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာကိုတော့ ယုံကြည်ကြပါတယ်။ သူတို့ရဲ့မောဟပိုက်ကွန်ကို ရှေးဘဝ(အတိတ်ဘဝ) ကို မသိတဲ့(မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟပိုက်ကွန်လို့ ခေါ်ပါတယ်။

တချို့က ရှေးအတိတ်မှာ ဘဝတွေဖြစ်ခဲ့ဖူးတယ်ဆိုတာကိုတော့ ယုံကြည်ကြပါတယ်။ ဒါပေမဲ့ နောက်နောက်အနာဂတ်မှာ ရဟန္တာမဖြစ်သေးသမျှ ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာကိုတော့ မယုံကြည်ကြပါဘူး။ ဒီဘဝကသေရင် ပြီးတာပဲ၊ ပြတ်တာပဲလို့ ယူဆကြပါတယ်။ သူတို့ရဲ့ မေဟပိုက်ကွန်ကို နောက်ဘဝ (အနာဂတ်ဘဝ)ကို မသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟပိုက်ကွန်လို့ ခေါ်ပါတယ်။

ဆက်ရ

# ဟာသ

## စိုးရိမ်သူ

အစ်။ ။ ငါအိပ်ပျော်ရင်းဟောက်တဲ့အခါ ပါးစပ်ကို ငါ့လက်နဲ့ပိတ်ထားတယ်။

ဇစ်။ ။ ဘာကြောင့်အဲသည်လိုလုပ်တာလဲ

အစ်။ ။ သွားတွေကျွန်ထွက်သွားရင် ဖမ်းထားဖို့။

## ခေတ်သူဌေး

မတ်။ ။ မင်းမှာပိုက်ဆံဘယ်လောက်ရှိလဲ။

ဂျက်။ ။ ၁၄၈ ဒေါ်လာနဲ့ ဒေါ်လာ ၁၅၀ကြား။

မတ်။ ။ ပိုက်ဆံတွေအများကြီးပါလား။

ဂျက်။ ။ မများပါဘူး။ နှစ်ဒေါ်လာဆိုတာ ဘယ်လောက်များလို့လဲ။

## စက္ကူင်းလန်းငွေချို

ခွေးတစ်ကောင်သည် ဥက်ထက်မြက်လို့ သူ့ပိုင်ရှင်က ကောလိပ်ကို စာသင်လွှတ်လိုက်တယ်။ ကျောင်းပိတ်ရက်အိမ်ပြန်လာတော့ သမိုင်းဘာသာရပ်၊ ဒါမှမဟုတ် သိပ္ပံပညာဘာတွေ သင်ခဲ့သလဲမေးတယ်။ ခွေးက ဂုဏ်ယူဝံ့ကြွားစွာနဲ့ နိုင်ငံခြားဘာသာစကားတစ်ခုက စတင်သင်ယူနေပြီလို့ပြောတယ်။

“ကောင်းတာပေ့ါ၊ ဒါဖြင့် နိုင်ငံခြားဘာသာစကားနဲ့တစ်ခုခုတော့ ပြောပြပါဦး”လို့ ပိုင်ရှင်ကပြောတော့

“ညောင်”

## အိုးပင်း

လင်း။ ။ ဘာလုပ်နေတာလဲ။

သဲ။ ။ နွားမတစ်ကောင်မြက်စားနေတဲ့ပန်းချီကားဆွဲနေတာ။

လင်း။ ။ မြက်က ဘယ်မှာလဲ။

သဲ။ ။ နွားစားပစ်လိုက်ပြီ။

လင်း။ ။ ဒါဖြင့်နွားကရော။

သဲ။ ။ မြက်တွေကုန်သွားလို့နွားမလည်း ထွက်သွားပြီလေ။

## အံ့သြစေချင်တာ

တိရစ္ဆာန်တွေအတွက် ပစ္စည်းရောင်းတဲ့ဆိုင်ထဲကို အမျိုးသမီးတစ်ယောက်ရောက်လာပြီး သူ့ခွေးအတွက် ဆွယ်တာဝယ်တယ်။ အရောင်းစာရေးက ပုံစံနဲ့အရွယ်အစားကိုမေးတော့ အမျိုးသမီးကပြောမပြတတ်ဘူး။

“ခွေးကို ခေါ်လာမယ်ဆိုရင် သူနဲ့တော်တာကို ကျွန်တော်တို့က ရွေးနိုင်တာပေ့ါ”

“ဒါတော့မဖြစ်ဘူး၊ ကျွန်မကခွေးကို အံ့သြစေချင်တာ”

ဒါလောက်မှ မသိဘူးလား

ဒင်။ ။ ခွေးပျောက်သွားလို့။

ဒေါင်။ ။ သတင်းစာထဲမှာ ခွေးပျောက်ကြော်ငြာမထည့်ဘူးလား။

ဒင်။ ။ ဘာကြောင့် ထည့်ရမှာလဲ၊ ခွေးမှစာမဖတ်တတ်တာ။

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

July 16th မှ July 22th ကြား

တွေဝေဒွိဟဖြစ်တတ်သည်။ မပြတ်သားမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ ရေရာမှုမရှိသော လုပ်ငန်းကိစ္စများ ဆောင်ရွက်နေရမည်။ ရှေ့ရေးအလားအလာနည်းပါးသည်ဟု အများတကာ က သတ်မှတ်ထားသော လုပ်ငန်းလမ်းကြောင်းကို ပြောင်းလဲရန်ကြိုးစားလိမ့်မည်။ မပြောင်းသင့်ပါ။ ရှေ့အကျိုး ပေးနည်းသည်ဟု ယူဆထားသော ယခုလုပ်ငန်းသည်ပင် မိမိအတွက်အကျိုးပေးမည်။ တပါးသူပြောစကား အပေါ် နားယောင်ပြီးဆောင်ရွက်က ခြေလှမ်းမှား၍ ဆုံးရှုံးနစ်နာစရာများဖြစ်မည်။ ခရီးကိစ္စဆောင်ရွက်၍ ကောင်းသည်။ သူတပါးကြောင့် အမှုပွားမည်။ ငွေကြေးလက်လွန်တတ်သည်။ မိသားစုကျန်းမာရေးညံ့မည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

July 16th မှ July 22th ကြား

ချက်ချင်းဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ရသော အနေအထားမှ တိုးတက်မှုများရမည်။ ဆုံးဖြတ်ချက်မှန်ကန်မည်။ ဦးတည်ချက်သစ်နှင့် ဆောင်ရွက်ခြင်းမှ အလုံးစုံအဆင်ပြေသော အနေအထားကြုံမည်။ ငွေကြေးအတွက် ပြောဆိုမှုများ အောင်မြင်မည်။ ကြန့်ကြာနေသော ရပိုင်ခွင့် ပြန်ရမည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ မိသားစုသားချင်းများအတွက် စိတ်ပင်ပန်းရမည်။ အရွေးရခက်အောင် အခွင့်အရေးသစ်များ ဆက်တိုက်ဖြစ်ပေါ်မည်။ လုပ်ငန်းသစ်များ စတင်နိုင်သည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

July 16th မှ July 22th ကြား

စိတ်ခံစားချက်ကို ဦးစားပေးခြင်းကြောင့် မိုက်မိုက်မှားမှားဆောင်ရွက်ခြင်းမျိုးကြုံမည်။ လုပ်သင့်လုပ်ထိုက်သည့် အကြောင်းအရာကို ဂဃနဏ သိလင့်ကစား လုပ်ချင်သည်များကို လုပ်ခြင်းကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်မည်။ မိတ်ဆွေများ၊ အကြီးအကဲများထံမှ ကောင်းသော အထောက်အကူရမည်။ မိမိအကျိုးလိုလားပြီး စေတနာသဒ္ဓါအပြည့်နှင့် ကူညီသူများပေါ်မည်။ ပဋိပက္ခများ၊ ပြဿနာများ၊ ငြိမ်းအေးအောင် ဆောင်ရွက်နိုင်မည်။ ပေါ်လာသော အခွင့်အရေးနှင့် ကံအထောက်အကူတို့ကို စနစ်တကျ အသုံးချခြင်းဖြင့် အဆင့်မြင့်အောင်မြင်မှုများ ရမည်။ တစ်ပါးသူ အမှုအခင်းအတွက် ရုံးရောက်ဂါတ်ရောက် လိုက်လံဖြေရှင်းရမည်။ ငွေကြေးကိစ္စ ကြားဝင်၍ အာမခံခြင်း၊ တာဝန်ယူခြင်းရှောင်ပါ။ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်း မပြုရ။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

July 16th မှ July 22th ကြား

စိတ်အနှောင့်အယှက်များကြားမှ တိုးတက်မှုရှိမည်။ မူလစီစဉ်ထားသည်နှင့် လက်တွေ့ဆောင်ရွက်ရသော အနေအထားတွင် ကွဲပြားခြားနားမှုရှိလင့်ကစား အလိုရှိရာပြည့်ဝအောင်မြင်မည်။ တစ်ခုထက်မကသော လုပ်ငန်းများ တစ်ပြိုင်လည်းလုပ်ကိုင်နိုင်မည်။ အတတ်ပညာနှင့် ပတ်သက်ဆောင်ရွက်မှုများ အောင်မြင်မည်။ မိသားစုကျန်းမာရေးအတွက် စိတ်ပင်ပန်းနေမည်။ လမ်းကြောင်းဟောင်းမှ လမ်းသစ်ထွင်ကူးပြောင်းလုပ်သော ကိစ္စများအောင်မြင်မည်။ ငွေကြေးအကုန်အကျများနေမည်။ ကိုယ်လုပ်လိုသော ဆန္ဒလုံးဝမရသော ကိစ္စများကို မလုပ်မဖြစ်လုပ်ရမည်။ အိုးအိမ်နေရာထိုင်ခင်းနှင့်ပတ်သက်ပြီး စကားပြောရကိန်းကြုံမည်။ ယာဉ်အန္တရာယ် သတိရှိပါ။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

July 16th မှ July 22th ကြား

အခက်အခဲများ၊ အနှောင့်အယှက်များကို ကျော်လွှား၍ အောင်မြင်မှုအဆင့်ဆင့်ရရှိမည်။ မူလရည်ရွယ်ထားသည်နှင့် လက်တွေ့ကွာဟလင့်ကစား အရာရာအဆင်ပြေခြင်းများ ဖြစ်ပေါ်မည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ပါ။ ငွေကြေးမြှပ်နှံမှုများမှ ကောင်းသောအကျိုးဆက်ရမည်။ အလုပ်စီးပွားတိုးတက်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ မိတ်ဆွေကောင်း အထောက်အကူရမည်။ တစ်ခုထက်မကသော လုပ်ငန်းများ တပြိုင်တည်းလုပ်ရမည်။ လက်လွှတ်ဆုံးရှုံးထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ မိသားစုတွင် အလုပ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စပြောဆိုအဆင်ပြေမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

July 16th မှ July 22th ကြား

လွယ်လင့်တကူ ပြီးစီးဖြစ်မြောက်သော လမ်းကြောင်းကို သွေဖယ်၍ ခက်ခဲသောလမ်းကြောင်းကို သူရဲကောင်းဆန်စွာရွေးချယ်ရာမှ အရာရာနှောင့်နှေးပြီး တစ်ပါးသူက ကိုယ့်ထက်ခြေလှမ်းသာသွားခြင်းကြုံရမည်။ အသေးစားပြဿနာဟု ယူဆထားသောကိစ္စမှ ပြဿနာကြီးဖြစ်တတ်သည်။ မမှုလောက်ဟု ထင်မှတ်ထားသောရန်မှ ပြဿနာကြီးများဖန်တီး၍ တိုက်ခိုက်မည်။ ဆုံးဖြတ်ချက်မှားယွင်းပြီး ငွေကုန်ကျမှုများမည်။ အမှုအခင်းဖြစ်တတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးတွင် အနှောင့်အယှက်များ ဖြစ်ပေါ်တတ်သည်။ အထင်လွဲခံရမှုများ ဖြေရှင်းရမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

July 16th မှ July 22th ကြား

ပေါ်လာသော အခွင့်အရေးကို အသုံးချ၍ ရှေ့တိုးဆောင်ရွက်ရန် လမ်းကြောင်းနှစ်ခွဖြစ်နေမည်။ ရည်မှန်းချက်သစ်များဆောင်ရွက်အောင်မြင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ အတွေးအခေါ် အယူအဆမတူသူများနှင့် ပူးပေါင်း၍ လုပ်ကိုင်သော ကိစ္စမှ အကျိုးအမြတ်ကောင်းများရရှိမည်။ ပစ္စည်းအပျောကအရှ သတိရှိရမည်။ ခရီးကိစ္စ၊ အလုပ်ကိစ္စများတွင် အရေးကြီးသည့် အထောက်အကူပြုစာရွက်စာတမ်းများပျောက်တတ်သည်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်းမှ အနှောင့်အယှက် အတိုက်အခံပြုတတ်သည်။ နိုင်ငံရပ်ခြားမှ သတင်းစကားများကြုံမည်။ အပြိုင်အဆိုင်များကို ကျော်လွှားအောင်မြင်မည်။ ဆွေမျိုးသားချင်းအကြီးအကဲတို့၏ ကျန်းမာရေးအတွက် စိတ်ပူသောက ရောက်ကိန်းကြုံမည်။ လုပ်ငန်းခွင်မှ သူများအပြောင်းအလဲကြုံပြီး လူသစ်များနှင့် ဆက်ဆံရမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

July 16th မှ July 22th ကြား

အခက်အခဲများကို ကျော်လွှားနိုင်မည်။ အကြံသစ်အောင်မြင်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ ရှေ့တိုးလုပ်ကိုင်သော ကိစ္စမှန်သမျှ ထိထိမိမိအကျိုးရှိမည်။ ရုတ်တရက်ဆုံးဖြတ်ပြီး လုပ်ကိုင်လိုက်သောကိစ္စများသည် ကာလရှည်ကြာစီစဉ်ပြီး သိုင်းကာဝိုင်းကာလုပ်နေသော လုပ်ငန်းထက်ပိုမိုအကျိုးရှိ အဆင်ပြေမည်။ ရုတ်တရက် ဦးတည်ချက်ပြောင်းလဲပြီး မဖြစ်မနေလုပ်ရသော ကိစ္စများ အနာဂတ်အတွက် အကျိုးရှိမည်။ လမ်းကြောင်းသစ်ထွင်ပြီး အောင်မြင်မှုများ အခိုင်အမာရရှိမည်။ လုပ်ငန်းခွင်မှသူများအဖို့ လက်တွေ့ကျကျ လုပ်ငန်းသစ်၊ ပုံစံသစ်များ ဖော်ဆောင်လုပ်ကိုင်ရမည်။ စနစ်တကျပြောင်းလဲပြီး လုပ်ရသော အနေအထားကြုံမည်။ ငွေမြှုပ်နှံပြီး ဆောင်ရွက်နိုင်သည်။ စတင်လိုက်သောလုပ်ငန်းမှ ကောင်းသောအကျိုးဆက်ရမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

July 16th မှ July 22th ကြား

သစ်လွင်သော တိုးတက်မှုများနှင့် ထူးခြားသော အောင်မြင်မှုများကို စနစ်တကျဆောင်ရွက်၍ ရရှိအကျိုးပေးမည်။ အခက်အခဲအားလုံးကို ကျော်လွှားအောင်မြင်မည်။ ဆောင်ရွက်ဆဲကိစ္စအလုံးစုံ ပြီးမြောက်စေ၍ လမ်းသစ်ထိုးဖောက်ကာ လုပ်ကိုင်ခြင်းမှ အောင်မြင်မှုကို ဖြစ်ထွန်းစေမည်။ အကြံအစည်အောင်မြင်မည်။ လုပ်ကိုင်သမျှတိုးတက်မည်။ မိတ်ဆွေအကူအညီရမည်။ မေတ္တာရေး ကံကောင်းမည်။ တစ်ပါးသူနှင့် ပူးတွဲဆက်စပ်ပြီး လုပ်သောကိစ္စမှ အဆင်ပြေသွားမည်။ ဝေးကွာနေသော မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆက်သွယ်မိမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ ငွေအစုလိုက်ဝင်မည်။ လုပ်ငန်းခွင်မှ သူများအလုပ်တိုးတက်ခြင်း၊ အောင်မြင်ခြင်းရရှိမည်။ ရုတ်တရက် ဆုံးဖြတ်ပြီး ရှေ့တိုးလုပ်လိုက်သောကိစ္စများမှ အလုံးစုံအောင်မြင်သောဘဝ အခြေအနေအလှည့်အပြောင်း ကြုံသည်အထိထူးခြားမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

July 16th မှ July 22th ကြား

အခက်အခဲများ ကျော်လွှားနိုင်မည်။ အလိုရှိသော ဆန္ဒများ၊ ရည်ရွယ်ချက်များ ပြည့်စုံမည်။ စိတ်ကူးသစ်များ၊ အကြံသစ်များပေါ်ထွန်းနေမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ အကြီးအကဲများထံမှ အထောက်အကူကောင်းများရမည်။ အလိုအလျောက်လေးလံ ထိုင်းမှိုင်းနေမည်။ စိတ်ပျံ့လွင့်သလိုဖြစ်နေမည်။ ရရှိနေသောအောင်မြင်မှုများနှင့် ရောက်ရှိနေသည့်အနေအထားပေါ် အားမလိုအားမရဖြစ်နေမည်။ အနည်းငယ်အင်အားစိုက်ထုတ်ဆောင်ရွက်လိုက်ရုံဖြင့် သူတစ်ပါးထက်မြင့်မားသာလွန်သော အခြေအနေများကို ဖန်တီးနိုင်မည်။ ဆောင်ရွက်သမျှ လူသိရှင်ကြား ဖြစ်နေမည်။ အမည်ကောင်းသတင်းနှင့် ကျော်ကြားခြင်းကိုရမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ လူမျိုးကွဲ အကျိုးပေးမည်။ ဥစ္စာစီးပွားတိုးပွားမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

July 16th မှ July 22th ကြား

ဖရိုဖရဲဖြစ်မည်။ အခက်အခဲများ၊ အတိုက်အခံများနှင့် တွေ့မည်။ ရင်းနှီးသူများနှင့် စကားများရမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ဝင်သမျှငွေ ချက်ချင်းပြန်ထွက်သည့်အပြင် စုဆောင်းထားသော ငွေများကိုပါ လက်ဖွာပြီး ထင်သလိုသုံးစွဲလိုစိတ်များ ပေါ်ပေါက်မည်။ ဦးတည်လိုက်တိုင်း လိုက်လံနှောင့်ယှက်သူများနှင့် ကြုံမည်။ ယှဉ်ပြိုင်လာသူများပေါ်မည်။ လက်ဝယ်ရရှိထားသော အခွင့်အရေးများလိုက်လံလုယူသူပေါ်မည်။ ရောက်ရှိနေသော အနေအထားမှ ရုတ်လျော့သွားအောင် ဖယ်ရှားရန် ကြံရွယ်သူများနှင့်တွေ့မည်။ ငွေချေးဌားသည်လည်း မဟုတ်ဘဲ ကိုယ့်ထံမှ အနိုင်ကျင့်ယူငင်ပြီး သုံးစွဲသောသူများနှင့်တွေ့မည်။ မိသားစုကိစ္စအတွက် အချိန်ကုန်လူပန်းဖြစ်တတ်သည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

July 16th မှ July 22th ကြား

အနှောင့်အယှက်များ အတိုက်အခံများနှင့် ထိပ်တိုက်တွေ့ရမည်။ မည်သည့်ကိစ္စကိုမဆို အစောတလျင် အလောတကြီး မလုပ်ရ။ ကိုယ့်အပေါ်ကူညီမည့်သူများနှင့် ကင်းဝေးတတ်သည်။ အနီးကပ် ဒုက္ခပေးသူများနှင့် တွေ့တတ်သည်။ ပြဿနာအခက်အခဲများနှင့် တွေ့တတ်သည်။ မူလစီစဉ်ထားသည်နှင့် လက်တွေ့ကွာဟမည်။ တစ်ပါးသူကတိပျက်၍ ကိုယ်လုပ်သော ကိစ္စများ ချွတ်ချော်သွားတတ်သည်။ အကြောင်းမဲ့နှောင့်ယှက် တိုက်ခိုက်ခြင်းများ ကြုံတတ်သည်။ အိမ်ရှိလူများတစ်ဦးပြီးတစ်ဦး ပြဿနာဖြစ်ခြင်း၊ ကျန်းမာရေးချူချာခြင်းများ ဖြစ်တတ်သည်။ အထင်မှားမှု ပြဿနာများကို ဖြေရှင်းရတတ်သည်။ ဖြစ်ပေါ်လာသော ပြဿနာအလုံးစုံသည် ကိုယ်ရေးကိုယ်တာကိစ္စနှင့် လုံးဝပတ်သက်မှုမရှိ။ သူတစ်ပါးကိစ္စအတွက် ဆောင်ရွက်ရင်း မိမိထံပြဿနာများ ကူးဝင်ဖြစ်တတ်သည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရွှေဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေး ကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ နေဗလင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနှင်းနှင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## လမ်းမှန်ကိုရွေးတာထက် ကိုယ်လွဲမှာကိုကြောက်ရင်ကိုယ်ပြင်ပဲဆိုတဲ့ ဂျေမီ

မေး - " ဘဝရဲ့နိဗ္ဗာန် " အခွေ ဘယ်လပိုင်းလောက်ထွက်မလဲ။

ဖြေ - စက်တင်ဘာလကုန် (သို့မဟုတ်) အောက်တိုဘာလလောက် ဖြစ်မယ်ထင်တယ်။ အခွေထွက်မှာက သေချာတယ်။ ထွက်မယ့်ရက်ကို ကျွန်တော်အမြဲတမ်း နောက်ပြန်ဆုတ်တတ်တယ်။ တခြားထွက်မယ့်ခွေနဲ့ တိုက်တတ်တာမျိုးရှိရင် တစ်ယောက်နဲ့တစ်ယောက် ရှောင်တာကောင်းတယ်။

မေး - သီချင်းဖန်တီးတဲ့နေရာမှာ အချစ်တို့၊ တစ်ကိုယ်ရေခံစားချက်တို့အပြင် ဒီ့ထက်ပိုကျယ်ပြန့်တဲ့ အကြောင်းအရာတွေကို ရေးဖို့ရှိလား။

ဖြေ - လူမှုရေးတို့၊ စီးပွားရေးတို့ ကျွန်တော်အမြဲတမ်းရေးပါတယ်။ ဂီတကလည်း စီးပွားရေးပဲလေ။ ခိုးကူးကြောင့်သာ အခွေတွေမထုတ်နိုင်ကြတော့ ရှိုးပွဲက စီးပွားရေးလိုဖြစ်သွားတာပေါ့။ လူတွေမေ့နေကြတာက ရေတွေ၊ တိမ်တွေ၊ မြစ်တွေ၊ ချိုင့်ဝှမ်းတွေ၊ တောင်တန်းတွေအကြောင်းတွေ မေ့နေကြတာ။ အဲဒီအကြောင်းတွေကို ဘယ်သူကမှ ထည့်ရေးဖို့ မစဉ်းစားကြဘူး။ "ဘဝရဲ့နိဗ္ဗာန်"မှာ အဲဒီအကြောင်းတွေ ပါပါတယ်။

မေး - ကိုယ်ဖန်တီးခဲ့တဲ့ သီချင်းတွေမှာ နောင်တရခဲ့တာမျိုးရှိလား။

ဖြေ - ရှိတယ်။ သီချင်းမရှိလို့ အမြန်ထုတ်လိုက်ရတာမျိုးတွေဆို ပေါက်လည်းမပေါက်ဘူး။ အဲဒါကောင်းတယ်။ မကောင်းဘဲနဲ့ ပေါက်နေရင်အလကားပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း အားမလို အားမရဖြစ်ဦးမယ်။

မေး - အင်တာနေရှင်နယ်တန်းဝင်တဲ့ အဆိုတော်ဆိုတာကို ဘယ်လိုလက်ခံထားလဲ။

ဖြေ - အင်တာနေရှင်နယ်တန်းဝင်တဲ့ အဆိုတော်တွေ ကျွန်တော်တို့ဆီမှာ အများကြီးပဲ။ အင်တာနေရှင်နယ် မဖြစ်တာပဲရှိတယ်။ ကျွန်တော်တို့နိုင်ငံက တခြားနိုင်ငံကမှာ ဖြန့်ချိဖို့ အခွင့်အရေးမရှိဘူး။ ကျွန်တော်တို့နိုင်ငံကို တခြားက လိုလိုလားလားနဲ့ ဥပမာ ဆိုနီက လာကမ်းလှမ်းရင်တောင် ကျွန်တော်တို့ဆီမှာ ဆိုနီဓါတ်ပြားတိုက် Booth မှမရှိတာ။ ဒါပေမယ့် ဘယ်သူက ဘယ်လိုကောင်းတယ်ဆိုတာ နိုင်ငံခြားကလူတွေ သိနေတာပဲ။ နိုင်ငံတကာကို ဝင်နိုင်ဖို့ဆိုတာ နိုင်ငံတကာက သိဖို့လိုတယ်။

မေး - ခေတ်ပြောင်းလဲလာတာနဲ့အမျှ ယဉ်ကျေးမှုစံတွေနဲ့ ပတ်သက်ပြီး အငြင်းပွားဖွယ်ရာ ဖြစ်လာတဲ့ အချက်တွေကို ဘယ်လိုမြင်မိပါသလဲ။ အထူးသဖြင့် ဝတ်စားဆင်ယင်မှုအပိုင်းကိုပေါ့။

ဖြေ - မိန်းကလေးတွေက သူတို့ခန္ဓာကိုယ်နဲ့ သူတို့လိုက်လို့ ကြိုက်သလိုဝတ်တာ ကျွန်တော်ကတော့ ကြိုက်တယ်။ သူများကို ငရဲကြီးအောင် စွမ်းဆောင်နိုင်တဲ့၊ မြူဆွယ်ဖြားယောင်းတဲ့ အဝတ်အစားမဟုတ်ရင်ပြီးရော။

မေး - အပြောင်းအလဲအမြဲဖြစ်နေတဲ့ ဂျေမီက ဘဝအတွက် ဘာအပြောင်းအလဲတွေ ထပ်ဖြစ်စေချင်သလဲ။ စီးပွားရေးအနေနဲ့ရော ဘာလုပ်ချင်လဲ။

ဖြေ - ကျောင်းပြန်တက်ချင်တယ်။ ကျွန်တော် ကျေနပ်တဲ့အနေအထားရောက်ရင် တစ်ခုခုထပ်လုပ်ဖြစ်မယ်။ ခုခေတ်မှာ ဘယ်သူမဆို ပိုက်ဆံစုနေကြတာပဲ။ ကျွန်တော်ဆို ကြာပြီစုနေတာ။ ၂၀၀၆ လောက်ကတည်းက တစ်စုံတစ်ဦးက ပိုက်ဆံစုဖို့တိုက်တွန်းခဲ့ဖူးတယ်။ ဦးကျော်ဟိန်းလည်း ပြောဖူးတယ်။ စီးပွားရေးကတော့ ခေါက်ဆွဲဆိုင် ဖွင့်ချင်တယ်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် Popular News ဂျာနယ်)

## စေတနာအရင်းခံပြီး ဖက်ရှင်တွေကိုပြင်ဆင်ဖြစ်တယ်ဆိုတဲ့ အေးမြတ်သူ

ဖက်ရှင်လှ၊ စတိုင်ကျတဲ့ အနုပညာရှင်အကြောင်းပြောရင် ပရိသတ်တွေပြေးမြင်ကြသူတွေထဲမှာ အေးမြတ်သူလည်း ပါဝင်ပါတယ်။ အမြဲတမ်းဖက်ရှင်ကျနေတဲ့ အေးမြတ်သူရဲ့ ဖက်ရှင်အပေါ် အယူအဆနဲ့ ပြင်ဆင်မှုလေးတွေ ဘယ်လိုရှိမလဲဆိုတာ......။

မေး- ဖက်ရှင်ကျတဲ့အနုပညာရှင်တွေထဲမှာ အေးမြတ်သူလည်းပါဝင်တယ်နော်။ အဲဒီအပေါ် ဖက်ရှင်နဲ့ပတ်သက်လာရင် တာဝန်ကြီးတစ်ခုလို အမြဲပြင်ဆင်ဖြစ်ပါသလား။

ဖြေ- တာဝန်ကြီးတစ်ခုလိုတော့ မထမ်းဆောင်ပါဘူး။ ဖက်ရှင်မှ မဟုတ်ဘူး။ အနုပညာအလုပ်တွေမှန်သမျှအပေါ် အေးမြတ်သူက တာဝန်ကြီးတစ်ခုလို ထမ်းဆောင်ပါဘူး။ ကိုယ်ဝါသနာပါလို့လုပ်နေတယ်။ စေတနာအပြည့်နဲ့ ကြိုးစားဖြစ်တယ်။ ဖက်ရှင်ဆိုလည်းဒီလိုပါပဲ။ ကိုယ့်စိတ်က ဝါသနာအရင်းခံနဲ့ ပရိသတ်အမြင်ဆန်းသစ်စေတဲ့ စေတနာတွေပေါင်းပြီး ပြင်ဆင်လိုက်တာပါပဲ။

မေး- အေးမြတ်သူရဲ့ဖက်ရှင်တွေက လှပါတယ်။ စမတ်လည်းကျပါတယ်။ ဒါပေမယ့် တစ်ခါတလေမှာကိုယ်ပြင်ဆင်လိုက်တာနဲ့ ပရိသတ်အမြင်လွဲတာမျိုးနဲ့ရော ကြုံဖူးခဲ့ပါသလား။

ဖြေ- ကြုံကောင်းကြုံခဲ့ပါလိမ့်မယ်။ လူဆိုကလည်း အကြိုက်တွေကွဲပြားနေတယ်ဆိုတော့လည်း လူအများကြီးအကြိုက်အမြဲဖြစ်နိုင်ဖို့ရာမလွယ်ပါဘူး။ ဒီတော့ တတ်နိုင်သမျှတော့ အများအမြင်သင့်တဲ့ဖက်ရှင်မျိုးကို ပြင်ဆင်ဖြစ်ပါတယ်။ အရမ်းကြီးလွဲတာမျိုး၊ သဟဇာတမဖြစ်တာမျိုးတော့ မရှိပါဘူး။ တစ်ခါတလေ ပရိသတ်တွေနဲ့ဆုံရင် ဘယ်ဇာတ်ကားမှာဖြင့် ဝတ်ထားတာလှတယ်။ ဘယ်မှာဖြင့် ဝတ်ထားတာ သိပ်အဆင်မပြေဘူးနော်ဆိုပြီး သူတို့အမြင်လေးတွေကို ဝေဖန်ပြပါတယ်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၁၈ရက်နေ့ထုတ် 24/7 News ဂျာနယ်)

## တစ်ကိုယ်တော်အခွေအချောသပ်နေပြီး စင်ကာပူ၊ မလေးရှားနဲ့ ဩစတြေးလျမှာ ဖျော်ဖြေဖို့ရှိတဲ့ သဇင်

သရုပ်ဆောင်သဇင်က တစ်ကိုယ်တော်အခွေကို ဇူလိုင်မှာ အပြီးအချောသပ်နေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဩဂုတ်မှာ စင်ကာပူ၊ စက်တင်ဘာမှာ မလေးရှား၊ အောက်တိုဘာမှာ ဩစတြေးလျကို သွားရောက်ဖျော်ဖြေဖို့ရှိတယ်လို့ သိရပါတယ်။ "သဇင်က ပြည်ပနဲ့ကံစပ်တဲ့သူလို့ ပြောလို့ရပါတယ်။ ကိုယ်သီချင်းလောကထဲရောက်ပြီး ပရိသတ်လက်ခံလာတဲ့နောက်ပိုင်းကို တောက်လျှောက်ထွက်ဖြစ်တယ်။ ကိုယ့်ကို အားပေးတဲ့ပရိသတ်တွေ ဟိုမှာရှိနေလို့ သွားရတာပါ"လို့ သဇင်က ပြည်ပဖျော်ဖြေရေးခဏခဏထွက်ဖြစ်နေတဲ့အကြောင်း ပြောပါတယ်။ သဇင်က တစ်ကိုယ်တော်အခွေကို အွန်လိုင်းကတစ်ဆင့် ပရိသတ်ဆီ ပျံ့နှံ့စေမှာဖြစ်ပြီး ဖျော်ဖြေပွဲတွေမှာ sample တစ်ပုဒ်၊ နှစ်ပုဒ်ခန့် လက်ဆောင်အဖြစ် ဖြန့်ဝေတယ်လို့ ဆိုပါတယ်။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့ထုတ် Popular News ဂျာနယ်)

မေး- ခွဲစိတ်ပြုပြင်လိုက်တော့ နေရထိုင်ရတာ ကိုယ့်ကိုယ်ကိုယ် ပိုယုံကြည့်မှုရှိလာတယ်လို့ ခံစားရလား။

ဖြေ- ကိုယ်ကလှချင်လို့ လုပ်တာပဲလေ။ လူတွေက လှလာတယ်လို့ ပြောတော့ ပျော်တာပေါ့နော်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက ထူးထူးခြားခြားကြီးပြောင်းလဲသွားတာတော့ မရှိပါဘူး။

မေး- ဒါဆို ဘုရားပေးတဲ့အတိုင်းပဲ ကောင်းပါတယ်ဆိုပြီး ခွဲစိတ်ရမှာ ဇာကာက်နေတဲ့သူတွေကို ဘာပြောချင်လဲ။

ဖြေ- မလုပ်ရဲဘူးဆိုတဲ့ သူတွေကိုတော့ ကိုယ်ကလှချင်တယ်ဆိုတော့ အနာခံ။ အနာခံမှ လှမယ်ဆိုရင်တော့ အနာခံရမှာပေါ့။ ဆိုင်းဇီလည်း ကြောက်တာပဲလေ . . . နော်။

မေး- ဒါဆို နောက်ထပ်ဘယ်အစိတ်အပိုင်းတွေ ပြုပြင်ချင်သေးလဲ။

ဖြေ- ဟင့်အင်း . . ။ တော်ပါပြီ။ ဒါတောင် ကြောက်ရဲ့သားနဲ့ မနည်းကြိတ်မှိတ်လုပ်ခဲ့ရတာ။

(၂၀၁၀ခုနှစ် ဇူလိုင်လ ၂ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်)